**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၍၊ အနှစ်မရှိသောတရားကို အနှစ်မရှိဟု သိသည့် အယူမှန်ရှိကြသောသူတို့သည် သီလ စသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

**ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

♦ ပြည်ထောင်စုမပြိုကွဲရေး။
♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၇)

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
၂၀၂၄ ခုနှစ်၊ မေ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပပြုလုပ်

**နေပြည်တော် မေ ၁၄**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ဥပဒေအမှတ် (၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာသက်ဝင်စေခဲ့ကာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ **စာမျက်နှာ ၁၆ ကော်လံ ၁** ●



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

**ဆောင်းပါး** လမ်းဘေး ဝဲ ယာ သစ်ပင်စိုက်ပါ သာယာအေးမြအရိပ်ရ ရောင်စုံပန်းများဖူးပွင့်လှပ (စာ - ၁၂ သို့)




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ မေ ၁၅ ရက်)

# ဒေသဖွံ့ဖြိုးတိုးတက်ရေးတက်ညီလက်ညီပူးပေါင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကိုဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အင်တိုက်အားတိုက်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များအနေဖြင့်လည်း မိမိတို့ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးကိုတတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိနေရမည်ဖြစ်သည်။ မိမိတို့လူမှုပတ်ဝန်းကျင်တွင် အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူတို့ရှိနေမည်ဆိုပါက မိမိတို့လူမှုစီးပွားဘဝနိမ့်ကျစေတော့မည်ဖြစ်သည်။ တိုးတက်ကြီးပွားလိုသော လူမှုပတ်ဝန်းကျင်တွင် အဖျက်သမားတို့ကင်းစင်နေရပေမည်။

အကြမ်းဖက်သမားတို့ရှိနေလျှင် ထိုနေရာပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့်လောင်းကစားမှုများ ထူပြောနေမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတို့နှင့်လက်တွဲကာ မူးယစ်ဆေးဝါးနှင့် လောင်းကစားမှုများကိုဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ ဖမ်းဆီးရမိမှုများစွာရှိနေသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသသည်ယခင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ နာမည်ထွက်ပေါ်ခဲ့သည်။ ဒေသအတွင်းမူးယစ်ဆေးဝါးအပါအဝင် တရားမဝင်လုပ်ငန်းများဆောင်ရွက်မှုမရှိစေရေးကို ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ နှစ်ပေါင်းများစွာတိုက်ဖျက်တားဆီးခဲ့ကြပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ဆောင်ရွက်လျက်ရှိသည်။ တရားဥပဒေစိုးမိုးမှုအားနည်းခြင်းနှင့် နယ်မြေဒေသမတည်ငြိမ်မှုများကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုများနှင့်ရောင်းဝယ်မှုများမှာ အမြစ်ပြတ်ပပျောက်မှုမရှိခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မေလ ၁၂ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများနှင့်တွေ့ဆုံစဉ် "စီးပွားရေးနှင့်ပတ်သက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အနေဖြင့်ထုတ်ကုန်ပစ္စည်းများရရှိစေရေး မိမိအနေဖြင့် တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း၊ ဒေသတွင်းစိုက်ပျိုးမွေးမြူရေးထုတ်ကုန်ပစ္စည်းများရရှိအောင်ဆောင်ရွက်၍ အိမ်နီးချင်းနိုင်ငံများသို့တင်ပို့နိုင်မည်ဆိုပါက ဒေသဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းအောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးသီးနှံများကို ခေတ်မီနည်းစနစ်များအသုံးပြုစိုက်ပျိုး၍ ဈေးကွက်ဝင်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း" ဆွေးနွေးပြောကြားသည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် မိရိုးဖလာဖြင့်ဆောင်ရွက်ခြင်းထက် ခေတ်နှင့်လျော်ညီသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများလိုအပ်သဖြင့် ပညာရေးကို အားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ ကျိုင်းတုံဒေသတွင် အဆင့်မြင့်ပညာများသင်ကြားနိုင်ရေး နိုင်ငံတော်မှဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် အကျိုးရှိရှိအသုံးချနိုင်ရန်လိုအပ်သည်။ မိဘများ၊ ဆရာများအနေဖြင့် ပညာရေးကိုအားပေးဆောင်ရွက်ကြရမည်ဖြစ်သလို ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ဘဝတိုးတက်မြင့်မားရေးအတွက် ပညာကိုဆုံးခန်းတိုင်သင်ယူကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်စက်မှုပညာကျွမ်းကျင်သည့် လူသားအရင်းအမြစ်များရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုအထက်တန်းကျောင်းများကို ဖွင့်လှစ်ပေးထားပြီးဖြစ်ရာ ထိုမှတစ်ဆင့် အဆင့်မြင့်ပညာရပ်များဆက်လက်သင်ယူသွားနိုင်ရေး သိပ္ပံများ၊ ကောလိပ်များနှင့်တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ကျန်းမာရေး၊ အိုင်တီ၊ အင်ဂျင်နီယာပညာရှင်များ မွေးထုတ်ပေးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်သည်။ ကျောင်းမှသင်ကြားပေးသည့်ပညာရပ်များသာမက အခြားအသိပညာ ဗဟုသုတများရရှိစေရေးအတွက်လည်း စာကောင်းပေမွန်များ ဖတ်မှတ်လေ့လာကြရန်လိုအပ်သည်။ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများနှင့်စာကြည့်တိုက်များတိုးချဲ့ပေးနိုင်ရေး၊ စာအုပ်စာစောင်များရရှိရေး၊ စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျိုင်းတုံလေဆိပ်နှင့် တာချီလိတ်လေဆိပ်တို့ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ကျိုင်းတုံမြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှုလျှော့ချနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှုများပိုမိုမြန်ဆန်ချောမွေ့စေရေးအတွက် အကျယ် ၂၃ ပေ၊ လမ်းအရှည် ၆ မိုင်ရှိ ကျိုင်းတုံမြို့ မြို့ရှောင်လမ်းကိုလည်း ဖွင့်လှစ်ပေးပြီးဖြစ်သည်။ ကျိုင်းတုံဒေသသည် ရေမြေတောတောင်သဘာဝနှင့်ရှေးဟောင်းအမွေအနှစ်များစွာ ပိုင်ဆိုင်ထားပြီးဖြစ်၍ ခရီးသွားလုပ်ငန်းများလည်း ပိုမိုအောင်မြင်မည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးကတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအားဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

ကလော၊ လူမှုရေး

## ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်ရှိ ကျေးရွာများအား သောက်သုံးရေများပေးဝေလှူဒါန်း

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုမရှိစေရန်နှင့် ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ နွေရာသီရေရှားပါးသည့် ကျေးရွာများအား အချိန်နှင့်တစ်ပြေးညီ သောက်သုံးရေများဖြန့်ဝေပေးလျက်ရှိရာ မေလ ၁၃ ရက် နံနက်ပိုင်းတွင် ကလောမြို့နယ်အတွင်း သောက်သုံးရေရှားပါးသော ကျေးရွာများဖြစ်သည့် ပဲရင်းတောင်ကျေးရွာအုပ်စု ကျောက်ဆောင်ဘီလူးကျေးရွာ၊ သာယာစုကျေးရွာ၊ ကျောင်းနောက်ကျေးရွာနှင့် ကန်ထောင့်ကျေးရွာတို့၌ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရွှေ့လျားရေသန့်စင်စက်ကိုအသုံးပြုပြီး သောက်သုံးရေများ ကွင်းဆင်းဖြန့်ဝေလှူဒါန်းကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းလှူဒါန်းရာတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့် ကလောခရိုင်/မြို့နယ်များမှ အင်ဂျင်နီယာဝန်ထမ်းများသည် နွေရာသီရေရှားပါးသည့် ကျောက်ဆောင်ဘီလူးကျေးရွာ၊ သာယာစုကျေးရွာ၊ ကျောင်းနောက်ကျေးရွာနှင့် ကန်ထောင့်ကျေးရွာတို့တွင် ရွှေ့လျားရေသန့်စင်စက်ကိုအသုံးပြု၍ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့ပြီး ပြည်နယ်ဦးစီးမှူးက ကျေးရွာသူကျေးရွာသားများနှင့်တွေ့ဆုံကာ နွေရာသီကာလ ရေလိုအပ်ချက်များ၊ သောက်သုံးရေ ဖူလုံစွာရရှိစေရန် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ နည်းလမ်းများကို ရှင်းလင်းဆွေးနွေးကာ ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာလေးရွာရှိ စုစုပေါင်းအိမ်ခြေ ၃၀၇ အိမ်၊ လူဦးရေ ၁၁၅၄ ဦးတို့အား ရေဂါလန် ၅၈၀၀ ပေးဝေလှူဒါန်းပေးကြောင်း သိရသည်။

**မောင်နိုင်**

## ♫♫ သဇင်(FM) အသံလွှင့်အစီအစဉ် ♫♫

၁၅-၅-၂၀၂၄(ဗုဒ္ဓဟူးနေ့)

၁။ ၀၈း၀၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၂။ ၁၂း၁၅ Special Music Time
၃။ ၁၃း၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၆း၂၀ K Pop
၅။ ၂၁း၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ နေ့စဉ်
the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၃၃၉၉၈၊ ဖက်စ် ၀၆၇-၃၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၃၄၀၀၆၊ ၀၆၇-၃၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၃၇၄၀၂၁၊ ဖြန့်ချိရေး ၀၁-၃၀၀၆၉၇၊
ကြော်ငြာ ၀၁-၃၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၈၄-၇၃၆၀၁၊
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ပုသိမ်၊ ခရီးသွား

# ယခုနှစ်လေးလတာကာလအတွင်း ငွေဆောင်ကမ်းခြေသို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည် နှစ်သိန်းလေးသောင်းကျော်ဝင်ရောက်



ယခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဧပြီလ ၃၀ ရက်အထိ လေးလတာကာလအတွင်း ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်ကမ်းခြေသို့ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည် နှစ်သိန်းလေးသောင်းကျော်ဝင်ရောက်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါကာလအတွင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများသို့ လာရောက်တည်းခိုမှုစာရင်းများအရ ဇန်နဝါရီလက ပြည်တွင်းခရီးသွားဧည့်သည် ၁၅၁၄၄ ဦး၊ နိုင်ငံခြားခရီးသွားဧည့်သည် ၄၃၁၀ ဦး၊ ဖေဖော်ဝါရီလက ပြည်တွင်းခရီးသွားဧည့်သည် ၅၆၄၅၄ ဦး၊ နိုင်ငံခြားခရီးသွားဧည့်သည် ၁၃၅၂ ဦး၊ မတ်လက ပြည်တွင်းခရီးသွားဧည့်သည် ၇၁၂၂၇ ဦး၊ နိုင်ငံခြားခရီးသွားဧည့်သည် ၁၃၁၃ ဦး၊ ဧပြီလက ပြည်တွင်းခရီးသွားဧည့်သည် ၈၉၅၆၈ ဦး၊ နိုင်ငံခြားခရီးသွားဧည့်သည် ၁၃၀၂ ဦး စုစုပေါင်း ၂၄၀၆၇၀ ဦး လာရောက်တည်းခိုခဲ့ကြကြောင်း သိရသည်။

ငွေဆောင်ကမ်းခြေသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၏အနောက်ဘက် ၄၈ ကီလိုမီတာတွင် တည်ရှိသည့် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းတစ်ခုဖြစ်ကာ ရန်ကုန်မြို့မှ ကားလမ်းခရီးဖြင့်လာရောက်လည်ပတ်ပါက ငါးနာရီခန့်သာကြာမြင့်ကြောင်း၊ ယင်းကမ်းခြေသည် ပင်လယ်ကမ်းရိုးတန်းရှည်လျားခြင်း၊ သဲသောင်ပြင်သန့်ရှင်းခြင်း၊ ပင်လယ်ရေကြည်လင်ခြင်းတို့ကြောင့် ခရီးသွားဧည့်သည်ဝင်ရောက်မှု ပိုမိုများပြားခြင်းဖြစ်ကြောင်း သိရသည်။

ငွေဆောင်ကမ်းခြေသို့ လာရောက်လည်ပတ်အပန်းဖြေသည့်ဧည့်သည်များသည် ငွေဆောင်ကမ်းခြေ၏ အထင်ကရကျွန်းများဖြစ်သော မြွေကျွန်း၊ လိပ်ကျွန်း၊ ငှက်ကျွန်း၊ ကျွန်းလျားရှည်နှင့် ချစ်သူများကျွန်းတို့သို့လည်း သွားရောက်လည်ပတ်လေ့လာကြသည်။

ငှက်ကျွန်းသည် ငွေဆောင်ကမ်းခြေမှ ရေမိုင် ၉ မိုင်ခန့်ကွာဝေးသော ဇီဝဖိုးငှက်များနေထိုင်သည့် ကျွန်းတစ်ကျွန်းဖြစ်ပြီး ငှက်ကျွန်း၏ရေပြင်မှာ ကြည်လင်နေကြောင်း သိရသည်။

**ဝန်းရံခ**

---

ကျိုက်လတ်၊ စိုက်ပျိုးစီးပွား

# ကျိုက်လတ်မြို့နယ်၌ ဒေသထွက်ခရမ်းသီးနှင့် တခြားကုန်စိမ်းများ အရောင်းအဝယ်သွက်နေ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်၌ ဒေသထွက်ခရမ်းသီးနှင့် တခြားကုန်စိမ်းများ အရောင်းအဝယ်သွက်နေကြောင်း ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဝင်းဝင်းဌေး၏ပြောပြချက်အရ သိရသည်။

ကျိုက်လတ်မြို့နယ်၌ မေလပထမပတ်မှစ၍ ခရမ်းသီးများဝယ်လိုအားကောင်းပြီး အရောင်းအဝယ်သွက်နေကြောင်း၊ လက်ရှိတွင် တစ်ရက်လျှင် ခရမ်းသီးအလုံးရေ ၅၀၀ ပါသည့်ခြင်း ငါးခြင်းမှ ၁၀ ခြင်းအထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

“ကျိုက်လတ်မြို့နယ်ကနေထွက်ရှိတဲ့ ခရမ်းသီးတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိမှာ အလုံးရေ ၅၀၀ ပါတဲ့ခြင်းတွေနဲ့ တင်ပို့ရောင်းချနေတာပါ။ ဒေသထွက်ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ ဒီနှစ်မှာ ခရမ်းသီးတွေက အရည်အသွေးကောင်းပြီး အထွက်နှုန်းလည်းကောင်းတယ်။ ဒီနှစ်မှာ ခရမ်းအဝိုင်းသီးရော အရှည်သီးပါဈေးကောင်းရနေပါတယ်”ဟု ဒေါ်ဝင်းဝင်းဌေးကပြောသည်။

လက်ရှိတွင် ဒေသထွက်ခရမ်းသီးအပါအဝင် တခြားကုန်စိမ်းများကို ဒေသတွင်းအပြင် ဘိုကလေး၊ မအူပင် စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

---

ပြင်ဦးလွင်၊ လူမှုရေး

# တောင်ပုလစေတီတော်မြတ်တွင် ဒူးရင်းသီးစတုဒိသာအလှူပွဲနှင့် သစ်ပင်စိုက်ပွဲတော်ကို မေလ ၂၅ ရက်တွင် ကျင်းပမည်

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပိတ်ချင်းမြောင်အနီးရှိ တောင်ပုလစေတီတော်မြတ်တွင် ဒူးရင်းသီးစတုဒိသာအလှူပွဲနှင့် သစ်ပင်စိုက်ပွဲတော်ကို မေလ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တောင်ပုလစေတီတော်မြတ်တွင် ဒူးရင်းသီးစတုဒိသာအလှူပွဲကို ပြီးခဲ့သည့်နှစ်က ပထမဆုံးအကြိမ် ကျင်းပခဲ့ပြီး ဒူးရင်းသီးအလုံးရေ ၁၀၀၀ ခန့်သာ ကျွေးမွေးလှူဒါန်းခဲ့သော်လည်း ယခုနှစ်တွင် ဒူးရင်းသီးအလုံးရေ ၄၅၀၀ ခန့်အထိ စတုဒိသာလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ယခုနှစ်တွင် သစ်ပင်စိုက်ပွဲတော်ကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က တောင်ပုလစေတီတော်မြတ်၌ ကျင်းပသည့် ဒူးရင်းသီးစတုဒိသာအလှူပွဲရက်သည် တခြားပွဲတော်ရက်များထက် ပိုမိုစည်ကားသောနေ့အဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ ယခုနှစ် ဒူးရင်းသီးစတုဒိသာ အလှူပွဲရက်တွင် ပွဲတော်သို့ လာရောက်သူတိုင်းကို ဒူးရင်းသီးများ အခမဲ့ကျွေးမွေးလှူဒါန်းမည့်အပြင် နိုင်ငံကျော်အနုပညာရှင်များလည်း လာရောက်၍ ကုသိုလ်ပြုဧည့်ခံဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

တောင်ပုလစေတီတော်မြတ်တည်ရှိရာ တောင်ပုလတောင်တော်သည် ခရီးသွားဧည့်သည်များကို ဆွဲဆောင်မှုရှိသော ပြင်ဦးလွင်မြို့၏ အထင်ကရနေရာများထဲမှ တစ်ခုအပါအဝင်ဖြစ်ပြီး သဘာဝတောတောင်အလှနှင့် တိမ်ပင်လယ်အလှတို့ကို ကြည့်ရှုခံစားနိုင်စေရန် အပန်းဖြေနေရာများကိုလည်း ဖော်ဆောင်ထားကြောင်း သိရသည်။

တောင်ပုလစေတီတော်သို့ ညအိပ်လာရောက်သော ဘုရားဖူးများလည်းရှိပြီး သာမန်ရက်များထက် ရုံးပိတ်ရက်များတွင် ဘုရားဖူးလာရောက်သူပိုများကြောင်း သိရသည်။

**ဆောင်းဦး**

မြဝတီ ကာတွန်း



# အောင်ရဲ့အောင်

ခင်ဆွေဦး

**ယမန်နေ့မှအဆက်**

ကိုအောင့်မျက်နှာကို လုံးဝမကြည့်။

ကိုအောင့်မျက်လုံးတွင် မျက်ရည်တွေ ရစ်ဝိုင်းနေမည်ဆိုတာ သိတာပေါ့။

ကိုအောင်ဟာ ဟန်ဆောင်တတ်တဲ့လူမှ မဟုတ်တာ။

ဒီအချိန်တွေ၊ ဒီနာရီ၊ ဒီမိနစ်၊ ဒီစက္ကန့်ပိုင်းအချိန်တွေဟာ ကိုလတ်ရဲ့နောက်ဆုံးအချိန်တွေဆိုတာ ကျွန်တော်သိတာပေါ့ ဟု ကိုအောင့်အား စိတ်ထဲမှ ပြောနေမိသည်။

ကိုလတ်၏အခြေအနေကို ကောင်းအောင် ဖန်တီးရင်းဖန်တီးရင်းနှင့် ဆိုးရွားသောအခြေအနေနှင့်ပင် ခွဲစိတ်ခန်းခုတင်ပေါ်သို့ ရောက်သွားလေ၏။

သေမင်းကိုတိုက်ရင်းပဲ သေမလား၊ လက်နက်ချရင်းပဲ သေမလား။

တကယ်လို့ ကိုလတ်ကို ဒီကမ္ဘာမြေကြီးက လက်ခံလိုက်မိမည်ဆိုလျှင် နောင်တရစရာဖြစ်လာမှာပဲ။

ဒီမြေကြီးပေါ်မှာ ကိုလတ်ရှိနေတာဟာ ပေါ့ပေါ့လေးပါ။

သူသေမယ်ဆိုရင် ထပ်တောင်လေးဦးမယ်။

ဒါကြောင့် သူ့အသေဟာ လှတဲ့အသေဖြစ်မှာပဲ။

ဒီ့နောက် ကိုလတ်ကိုယ်စား သေစေချင်တဲ့လူတွေကို စာရင်းလုပ်ကြည့်သည်။

ဥပမာ. . . မမကြုံဆိုပါတော့။

သူသေရင် ငှက်မွေးထက်ပေါ့မှာပဲ။

လွမ်းစရာ ဘာများရှိသလဲ။

လောကမြေကြီးပေါ် ရှုပ်တောင်ရှုပ်နေသေးတယ်။

ရင်ရင်ထိုက်လိုမိန်းမမျိုး သေသွားရင်လည်း အမှိုက်စတစ်စရှင်းသွားမှာပဲ။



ဘာဖြစ်လို့များ သေမင်းဟာ လူကောင်းသူကောင်းတွေကိုမှ ရွေးခေါ်နေချင်ပါလိမ့်။

**အခန်း (၅၈)**

အောင်သည် ငြိမ်သက်နေသည်။

သိပ်ငြိမ်လွန်းသည်ဟု ကိုအောင်က ထင်မိသည်။

အောင့်မျက်နှာကို ငုံ့ကြည့်လိုက်သည်။

အောင့်မျက်နှာမှာ ဖျော့တော့လွန်းသည်။

မျက်လုံးများကား ကြောင်နေသည်။

“စကြီဘက် ထွက်လိုက်ရအောင်လား အောင်”

အောင်သည် ကိုအောင်၏မျက်နှာကို လှမ်းမော့ကြည့်လိုက်သည်။

အောင့်မျက်လုံးများကား ကိုအောင့်ကို မမြင်သလိုပင်။

ကိုအောင့်မျက်နှာအမူအရာ ဘယ်လိုထားသည်ဆိုတာကို လုံးဝသတိမထားမိတာအမှန်ပင်။

“အောင် လာလေ”

အောင်သည် အရုပ်လေးတစ်ရုပ်လို ကိုအောင့်နောက်မှ လိုက်ပါလာလေသည်။

ကိုအောင့်ခြေလှမ်းကျဲကြီးများကိုလည်း မီအောင်မလိုက်တော့။

စကြီဘက်တွင် ရပ်နေကြသော ချောစုနှင့် ခင်မလတ်တို့ကို အောင်ကလှမ်းကြည့်သော်လည်း မမြင်။

ချောစုသည် အောင်တို့ရှိရာသို့ ကပျာကယာပြေးလာသည်။

ချောစု၏မျက်လုံးများနှင့် မျက်နှာမှာ နီမြန်းနေပြီး. . .

“နင် သိပြီးပြီလား အောင်၊ နင် သိပြီးပြီလား”

ချောစု၏အသံက ငိုသံပါနေသည်။

ကိုအောင်က ချောစုအား အောင်မမြင်စေရန် မျက်ရိပ်ပြလိုက်လေသည်။

ကိုလတ်၏ အဖေနှင့်အမေတို့သည် ခင်မလတ်အနီးသို့ ရောက်လာကြသည်။

ခင်မလတ်သည် သူ့အမေနှင့်အဖေရှေ့တွင် မျက်ရည်တွေ ကပျာကယာသုတ်နေသည်။

ချောစုနှင့်အောင်က လက်ချင်းဆုပ်ကိုင်လိုက်လေသည်။ အောင့်လက်တွေမှာ ချွေးစေးတွေနှင့် စေးထန်းထန်းဖြစ်နေသည်။

ကိုလတ်၏အမေက လက်ထဲတွင် ပုတီးကိုကိုင်ထားပြီး ရှုဆေးတောင့်ကို ရှူလျက် အောင်၏ပခုံးကိုလှမ်းကိုင်ရင်း. . .

“ကိုလတ်မွေးနေ့ လွန်သွားပြီ၊ ဒီနေ့ သောကြာနေ့ပဲ”

စိတ်သက်သာရာပြောရင်း သူ့ဘာသာသူလည်း အားတင်းလေသည်။

“ကိုလတ်က ကြာသပတေးသားလား”

ချောစုက ပြောစရာစကားစကို ရှာလိုက်လေသည်။

“ဟုတ်တယ် သမီး၊ သူ့ကို တချို့က ဗုဒ္ဓဟူးသားလို့ထင်ကြတာ၊ အမှန်က ကြာသပတေးသား၊ နာမည်ရင်းက ကိုဖေလတ်တဲ့၊ ကျောင်းထားတုန်းကလည်း မောင်ဖေလတ်ဆိုတဲ့နာမည်နဲ့ပဲ၊ အိမ်က ‘ကိုလတ်’လို့ ခေါ်ကြရင်းနဲ့ ဒီနာမည်တွင်သွားတာ”

အဘွားကြီးက စကားစမြည်ပြောရင်း သူ၏မျက်လုံးများသည် တစ်စတစ်စ တည်ငြိမ်လာလေသည်။

စိုးရိမ်စိတ်တွေက သူ၏အစွဲအလမ်းနှင့်အတူ လျော့ပါးလာဟန်တူသည်။

ကိုလတ်၏အဖေသည် ဆေးတံကို ရှိုက်ဖွာရင်း ငြိမ်လျက်ရပ်နေသည်။

အသားညိုညို ပိန်ပိန်ပါးပါးနှင့် အရွယ်တင်သော ရုပ်ရည်ရှိသည်။ ကိုလတ်က အဖေနှင့်မတူ၊ အမေနှင့်တူသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

တနင်္သာရီ၊ ပညာရေး

## တနင်္သာရီမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာများစိုက်ထူ

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရန်နှင့် အခြေခံပညာသင်ယူခွင့်ရရှိစေရန် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာများစိုက်ထူခြင်း အခမ်းအနားကို မေလ ၁၃ ရက်က လူသွားလူလာများသည့် လမ်းဆုံနေရာသုံးနေရာ၌ ကျင်းပသည်။

ရှေးဦးစွာ အလျား ၆ ပေ၊ အနံ ၃ ပေရှိသည့်ပိုစတာများကို ဒုတိယမြို့နယ်ပညာရေးမှူး ဦးမျိုးမြတ်ဦးနှင့်ဝန်ထမ်းများက မြို့နယ်ပညာရေးမှူးရုံးရှေ့၌တစ်ခု၊ ချောင်းကြီးရပ်ကွက် ရွှေလိပ်ပြာလမ်းဆုံနေရာ၌တစ်ခုနှင့် တနင်္သာရီတံတားအနီး၌တစ်ခု စိုက်ထူပေးကြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ထူးနှင့် တာဝန်ရှိသူတို့က မြေစိုက်ပိုစတာများကို အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို ၂၀၂၄ ခုနှစ် မေလ ၂၃ ရက်မှ ဇွန်လ ၂ ရက်အထိ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ထားပြီး ၂၀၂၄ ခုနှစ် ဇွန်လ ၃ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တနင်္သာရီမြို့နယ်အတွင်း အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်မည်ဖြစ်သည်။


တနင်္သာရီမြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်းရှစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ခုနစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ခုနစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၁၄ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၁၆ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၇၆ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) ၁၂ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တစ်ကျောင်း စုစုပေါင်း ၁၄၁ ကျောင်းရှိကြောင်း သိရသည်။

**ချမ်းမြေ့**

---

ရန်ကုန်၊ လူမှုရေး

## တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ၌ Happy Monsoon & Back to School ပွဲတော်ကျင်းပရန်စီစဉ်



ရန်ကုန်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ Happy Monsoon & Back to School ပွဲတော်ကို မေလ ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်တိုင်ကျင်းပရန် စီစဉ်နေကြောင်း သိရသည်။

အဆိုပါပွဲတော်ကာလအတွင်း သားသားမီးမီးတို့၏ Baby Talent Show၊ မျက်လှည့်ပြကွက်များ၊ JOY Band ၏ တေးဂီတဖျော်ဖြေတင်ဆက်မှုများ ပါဝင်မည်ဖြစ်ပြီး ချစ်စရာငှက်လိမ္မာလေးများနှင့် ဓာတ်ပုံရိုက်ကူးခြင်း၊ Yangon Zoo (Education Department) မှ တိရစ္ဆာန်လေးများ၏ထူးခြားချက်များနှင့် အထွေထွေဗဟုသုတများ ဆွေးနွေးတင်ပြမည့် Talk Show အစီအစဉ်၊ တိရစ္ဆာန်လေးများအကြောင်းပြောပြပေးမည့် Keeper Talks Program၊ အလှဓာတ်ပုံများရိုက်ကူးနိုင်မည့် Photo Booth နှင့် ဂိမ်းအစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။

အဆိုပါဥယျာဉ်အတွင်း၌ အရိပ်ရသစ်ပင်ကြီးများ၊ နို့တိုက်သတ္တဝါမျိုးစိတ် ၄၄ မျိုး၊ ငှက်မျိုးစိတ် ၇၂ မျိုးနှင့် တွားသွားသတ္တဝါမျိုးစိတ် ၁၉ မျိုးတို့ကို ထိန်းသိမ်းမွေးမြူပြသထားပြီး မျိုးဆက်ပျက်သုဉ်းလုနီးပါးအန္တရာယ်နှင့် တွေ့ကြုံနေရသော မျိုးစိတ်များဖြစ်သည့် ဘင်္ဂလားကျားများ၊ အာရှဆင်များ၊ ကျားသစ်များနှင့် ငှက်မျိုးစိတ်များကိုလည်း ထိန်းသိမ်းမွေးမြူထားကြောင်း သိရသည်။

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ကို အများပြည်သူများ အပန်းဖြေအနားယူနိုင်စေရန်၊ ဗဟုသုတများရှာမှီးနိုင်ရန်၊ အဆင့်မြင့်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ သတ္တနှင့်ရုက္ခဗေဒဆိုင်ရာ ပညာရှာမှီးရာတွင် အထောက်အကူပြုနိုင်စေရန်၊ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအတွက် အများပြည်သူအား စည်းရုံးပညာပေးရန်၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရန်နှင့် မျိုးသုဉ်းမည့်အန္တရာယ်နှင့် တွေ့ကြုံနေရသောတောရိုင်းတိရစ္ဆာန်များကို မျိုးဆက်ပြန့်ပွားနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ပြသထားခြင်းဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**

ရန်ကုန် မေ ၁၄

# ရန်ကုန်တိုင်းဒေသကြီး "စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု"အခမ်းအနားကျင်းပ

ရန်ကုန်တိုင်းဒေသကြီး "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းတို့မှဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများ၊ ကင်းထောက်လူငယ်များ၊ ကြက်ခြေနီလူငယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ပညာဘဏ်တိုက်စာကြည့်တိုက်သို့ သွားကြစို့" တေးသီချင်းဖြင့် သီဆိုဂုဏ်ပြုကြပြီး "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" Video Clip၊ "နိုင်ငံ့အကျိုးအတွက် မှန်းမျှော်ရည်ခိုင်မာတိုးတက်စေရမည်" Video Clip နှင့် ရန်ကုန်တိုင်းဒေသကြီး၏ သုံးနှစ်တာကာလအတွင်းဆောင်ရွက်ခဲ့သည့် စာကြည့်တိုက်များနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု Video Clip တို့ကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ဧပြီလ ၃ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးမိသားစုက လူထုသိပ္ပံကျမ်း အတွဲ (၁)၊ (၂)၊ (၃) စာအုပ်ပေါင်း ၄၅၀၀၊ ပြန်ကြားရေးဝန်ကြီးဌာနက စာအုပ်/စာစောင် ၅၅၀၀ စုစုပေါင်း စာအုပ်/စာစောင် ၁၀၀၀၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို စတင်ကျင်းပခဲ့ပါကြောင်း။

ဧပြီလ ၁၀ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပဆောင်ရွက်ခဲ့ရာ လှူဒါန်းငွေကျပ်သိန်းပေါင်း ၁၀၀၀၀ ကျော်နှင့် စာအုပ်စာစောင် ၈၅၅၄၀ ကို လက်ခံရရှိခဲ့ပါကြောင်း။

အလှူခံရရှိခဲ့သည့် အလှူငွေနှင့် စာအုပ်စာစောင်များကို ခွဲခြမ်းစိတ်ဖြာနိုင်ရန်၊ လှူဒါန်းပွဲများ လစဉ် စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်၏မူဝါဒဖြစ်သည့် စာဖတ်ရှိန်မြှင့်တင်ရေးကိစ္စများကို တစ်ဆက်တည်းလုပ်ဆောင်သွားရန် လိုအပ်လာသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် "မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ"ကို ဖွဲ့စည်းပေးခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် ယခင်က ရပ်ကွက်/ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၆၀၀၀ ကျော်ရှိသော်လည်း လက်ရှိတွင် ၃၀၀၀ ကျော်သာကျန်ရှိပြီး စာကြည့်တိုက် ၂၅၀၀ ခန့်မှာ အကြောင်းအမျိုးမျိုးကြောင့် ရပ်နားထားခဲ့ရပါကြောင်း၊ နိုင်ငံတော်အနေဖြင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုမှစီမံဆောင်ရွက်ခြင်းမဟုတ်ဘဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်ကတည်းက စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ကဏ္ဍပေါင်းစုံဖြစ်သည့် ဆည်မြောင်းတာတမံများ၊ မြစ်ကူးချောင်းကူးတံတားများ၊ မဟာဗျူဟာလမ်းမကြီးများ၊ ဒေသချင်းဆက်၊ မြို့ချင်းဆက်လမ်းများကို စီမံချက်ဖြင့် ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များ၊ လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်ပြီး ဖိုးသုညများနှင့် တိုင်းပြည်ကို တည်ဆောက်၍မရကြောင်း လမ်းညွှန်မှုပြုခဲ့သည့်အတွက် ၎င်းလမ်းညွှန်မှုကို မူဝါဒအဖြစ်ခံယူပြီး အထူးဖွံ့ဖြိုးရေးဇုန် ၂၄ ဇုန်သတ်မှတ်၍ အဆိုပါဒေသများတွင် ဝိဇ္ဇာ၊ သိပ္ပံ၊ နည်းပညာ၊ ကွန်ပျူတာ၊ စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေး၊ ဆေးပညာ စသည့် ဘာသာစုံတက္ကသိုလ်များ၊ ကောလိပ်များ ဖွင့်လှစ်ကာ တစ်နိုင်ငံလုံးတွင် ရပ်ကွက်/ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်နိုင်ရေး စတင်ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၀၄ ခုနှစ်မှစတင်၍ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်စီမံကိန်းအဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဆက်ဆက် ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးခဲ့ပြီး စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများလည်း လျော့နည်းခဲ့ပါကြောင်း၊ ယခုအခါနိုင်ငံတော်အကြီးအကဲက စာကြည့်တိုက်များပြန်လည်ထူထောင်ပြီး ဆက်လက်ရပ်တည်နိုင်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

ယနေ့ခေတ်တွင် ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် စာကြည့်တိုက်များသို့သွားရောက်၍ စာအုပ်စာစောင်များကို ဖတ်ရှုမှုနည်းပါးသဖြင့် လူငယ်များစာဖတ်ရန်လိုအပ်သည့်အတွက် ဖြစ်နိုင်ပါကသက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်တို့တွင် ကျောင်းသား၊ ကျောင်းသူများကို စာကြည့်တိုက်များသို့ တစုတစည်းတည်းသွားရောက်လေ့လာနိုင်ရေး စီစဉ်ပို့ဆောင်ပေးရန်လိုပါကြောင်း။

သက်ဆိုင်ရာရုံးများအနေဖြင့်လည်း ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေများကို စိတ်ဝင်စားလာစေရန်နှင့် ဖတ်ရှုအသုံးပြုလာစေရန်အတွက် စာပေဆွေးနွေးပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ လူငယ်များအတွက် စိတ်အားတက်ကြွဖွယ်ရာ Video Clip များဖြင့် ပြသဆောင်ရွက်ပေးပါက စာကြည့်တိုက်များကို အသုံးချတတ်သည့် အလေ့အထများလည်း ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း။

မေလ ၉ ရက်တွင် နေပြည်တော်ကောင်စီနှင့်ပူးပေါင်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ကျင်းပခဲ့ပြီး စေတနာရှင်၊ အလှူရှင်များက ပြည်သူများစာပေဖတ်ရှုလေ့လာနိုင်ရေးနှင့် စာအုပ်စာစောင်များ လက်လှမ်းတမီထားရှိပေးနိုင်ရေး စာကြည့်တိုက်တစ်တိုက်လျှင် ငွေကျပ်သိန်း ၁၅၀ နှုန်းဖြင့် စာကြည့်တိုက်အဆောက်အအုံ ၁၄၇ လုံးအတွက် ငွေကျပ် သိန်း ၂၂၀၅၀ ကို ပေးအပ်လှူဒါန်းခဲ့ပါကြောင်း။

မိမိတို့နိုင်ငံ၏ စာကြည့်တိုက်များမှာ ပုံမှန်အနေအထားတွင်ရှိသည့်အတွက် တွန်းအားပေးဆောင်ရွက်ပါက ပိုမိုပြန့်ပွားအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် မူလတာဝန်အပြင် စာကြည့်တိုက်လုပ်ငန်းများကို အလေးထား၍ စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက်စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်ရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။





ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်ခြောက်တိုက်ပြန်လည်ပြင်ဆင်ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ် သိန်း ၃၀၀ နှင့် စာကြည့်တိုက်ငါးတိုက် အသစ်တည်ဆောက်ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ် သိန်း ၇၅၀ စုစုပေါင်း ငွေကျပ်သိန်း ၁၀၅၀ ကို ထောက်ပံ့ပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက လက်ခံရယူပြီး အမှာစကားပြောကြားသည်။

ယင်းနောက် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက်စာကြည့်တိုက်အဆောက်အအုံများတည်ဆောက်နိုင်ရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနာယက ဦးကျော်ဆန်းတို့က လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနာယက ဦးကျော်ဆန်းက အမှာစကားပြောကြားသည်။

ယင်းနောက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်အဆောက်အအုံများ တည်ဆောက်နိုင်ရန်နှင့်စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အလှူရှင်များက ဆက်လက်လှူဒါန်းကြရာ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူသည်။

ဆက်လက်၍ အကယ်ဒမီများရှင် ရန်အောင်က "လူချွန်လူကောင်း" သီချင်းဖြင့် သီဆိုဖျော်ဖြပြီး အမျိုးသားစာပေတစ်သက်တာဆုရှင် အလင်္ကာကျော်စွာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က စာပေလေ့လာဖတ်ရှုမှုအကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးသည်။

ထို့နောက် စာပေလေ့လာဖတ်ရှုမှု အကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးသည့် အမျိုးသားစာပေတစ်သက်တာဆုရှင် အလင်္ကာကျော်စွာ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)အား ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ဂုဏ်ပြုလက်ဆောင်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ဘက်စုံပညာရည် တို့လှမ်းချီ" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဂုဏ်ပြုဆုငွေများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ဓာတ်ပုံမှတ်တမ်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် မေ ၁၄

# ရုပ်ရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ အပြီးသတ်ညှိနှိုင်းအစည်းအဝေးကျင်းပ



ရုပ်ရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ အပြီးသတ်ညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီ တွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီး ဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယ ဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးရဲတင့်၊ ဥပဒေမူကြမ်းစိစစ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာစန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူ များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်းညွှန်ချက်နှင့် အညီ ရုပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (မူကြမ်း) အား အပြီးသတ်စိစစ်လေ့လာ ဆွေးနွေးကြပြီး ရုပ်ရှင်ဥပဒေတွင် ပြင်ဆင်ရန် လိုအပ်သည့်အချက်များ တွေ့ရှိရသဖြင့် ရုပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ကို ပြဋ္ဌာန်းရန်လိုအပ်ကြောင်းကို မူအားဖြင့် သဘောတူပြီး ပြင်ဆင်၊ ပယ်ဖျက်၊ ဖြည့်စွက် သည့်အခန်းနှင့် ပုဒ်မများ များပြားနေသဖြင့် ယင်းအခန်းနှင့် ပုဒ်မများ ပြည့်စုံမှန်ကန်မှု ရှိစေရေးနှင့် ရေးထုံးရေးနည်းမှန်ကန်စေရေး တို့အတွက် ထပ်မံစိစစ်ဆောင်ရွက်သွားရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၁၄

# ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့အစည်းအဝေးကျင်းပ



ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟို ဦးစီးအဖွဲ့(၁/၂၀၂၄) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီး ကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ အဖွဲ့ဝင်များဖြစ်ကြ သည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

အစည်းအဝေးတွင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီး ကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌ ပြည် ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယခုအစည်းအဝေးတွင် Ethylene Oxide နှင့်စပ်လျဉ်းသည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်နိုင်ရေးအတွက် အဖွဲ့ဝင်များနှင့် ဆွေးနွေး၍ အတည်ပြုချက် ရယူသွားမည် ဖြစ်ကြောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့အစည်း အဝေး (၁/၂၀၂၄)တွင် Ethylene Oxide ကို တားမြစ်ဓာတုပစ္စည်းအဖြစ်မှ ပယ်ဖျက် ခြင်း အမိန့်ကြော်ငြာစာနှင့် Ethylene Oxide ကို ကန့်သတ်ဓာတုပစ္စည်းအဖြစ် ပြင်ဆင်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ များ ထုတ်ပြန်နိုင်ရန် သဘောတူညီခဲ့ပြီး ဖြစ်ကြောင်း၊ တက်ရောက်လာသူများ အနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဝိုင်းဝန်း အကြံပြုဆွေးနွေးပေးကြရန် ပြောကြား သည်။

ထို့နောက် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်း များအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟို ဦးစီးအဖွဲ့ အတွင်းရေးမှူးက ဗဟိုဦးစီးအဖွဲ့ နှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ ဗဟိုဦးစီး အဖွဲ့မှ ဆုံးဖြတ်ရမည့် အမှာစာများကို ရှင်းလင်းတင်ပြပြီး ဗဟိုဦးစီးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက စက်ရုံအလုပ်ရုံများရှိ လုပ်သားများ၊ ပြည်သူများ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် ရောဂါမဖြစ်ပွား စေရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့ အတွက် လုပ်ငန်းလမ်းညွှန်များကို ရေးဆွဲ ထုတ်ပြန်၍ စစ်ဆေးကြပ်မတ်ဆောင်ရွက် လျက်ရှိကြောင်း၊ လုပ်ငန်းခွင်ရှိ လုပ်သားများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဓာတ်ငွေ့တိုင်းတာသည့် စက်ပစ္စည်းများ တပ်ဆင်ထားရှိရမည့်အပြင် လုပ်သားများ အနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက် နိုင်ရေးအတွက် တစ်ကိုယ်ရေသုံး အကာ အကွယ်ပစ္စည်းများကို ပြည့်စုံစွာဝတ်ဆင် ရမည်ဖြစ်ကြောင်း၊ Ethylene Oxide အသုံးပြုခြင်းသည် ကင်ဆာကဲ့သို့သော ရောဂါများဖြစ်ပွားစေသဖြင့် အသုံးပြုရမည့် ပမာဏ၊ သုံးစွဲရမည့်နည်းလမ်း၊ အသုံးပြု ရမည့်နေရာ စသည်တို့ကို တိတိကျကျ သတ်မှတ်၍ လိုင်စင်များထုတ်ပေးခြင်းကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေး ပြောကြားသည်။

ယင်းနောက် ဗဟိုဦးစီးအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများက Ethylene Oxide နှင့်ပတ်သက်သည့်အကြံပြုချက်များ၊ ကျန်းမာရေးလုပ်ငန်းသုံးပစ္စည်းများထုတ်လုပ် သည့် စက်ရုံများတွင် Ethylene Oxide ဓာတ်ငွေ့အသုံးပြုပါက ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်း ကျင်ထိခိုက်မှုဆန်းစစ်ချက်အစီရင်ခံစာများ ရေးဆွဲထားရမည့်အခြေအနေများ၊ လုပ်ငန်း ခွင်တွင် လုပ်သားများ ကျန်းမာစွာ ဘေးအန္တရာယ်ကင်းရှင်းအောင်ဆောင်ရွက် နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရမည့် အခြေအနေများ၊ Ethylene Oxide ကို အသုံးပြုမည့်နည်းစဉ်၊ ပမာဏ၊ လုပ်ငန်း တို့ကို တိတိကျကျသတ်မှတ်၍ ကြပ်မတ် ဆောင်ရွက်ရမည့်အခြေအနေများ၊ ဓာတု ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ သိုလှောင်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဖြန့်ဖြူးခြင်း၊ သုံးစွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်း တို့နှင့်ပတ်သက်၍ သုံးစွဲသူအများပြည်သူ များ လွယ်ကူစွာသိရှိနားလည်နိုင်စေရန် စီမံဆောင်ရွက်ရမည့်အခြေအနေများကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများ၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ က ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ Ethylene Oxide ကို တားမြစ် ဓာတုပစ္စည်းစာရင်းမှ ကန့်သတ်ဓာတုပစ္စည်း စာရင်းအဖြစ် ပြောင်းလဲသတ်မှတ်ရေးကိစ္စရပ် များ၊ Ethylene Oxide အသုံးပြုရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးတင်ပြကြပြီး ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီး ကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူ ကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေ သည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက် သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှု နှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၈° C | / | ၄၀.၅° C |
| ရန်ကုန် | ၂၇° C | / | ၃၉.၅° C |
| မန္တလေး | ၃၀° C | / | ၄၃.၇° C |

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ
အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

### ကိုယ့်အကြောင်းနှင့် ကိုယ့်ကိုယ်ကိုယ် စာလုံးပေါင်း

အဘိဓာနပ္ပဒီပိကာကျမ်းတွင် "ခန္ဓာကိုယ်" ဟု အနက်ပြန်သော ပါဠိပုဒ် ၁၀ ပုဒ်ပြထားသည်ကို တွေ့ရသည်။ ယင်းတို့မှာ "သရီရ၊ ဝပု၊ ဂတ္တ၊ အတ္တဘာဝ၊ ဗုန္ဒိ၊ ဝိဂ္ဂဟ၊ ဒေဟ၊ ကာယ၊ တနု၊ ကလေဝရ" ဟူသော ပုဒ်များဖြစ်ကြသည်။ ပုဒ်အားလုံး "ခန္ဓာကိုယ်" ဟောချည်းဖြစ်သည်။ ထို ၁၀ ပုဒ်အနက်မှ "ကာယ" ဟူသောပုဒ်ကို "ကိုယ်" ဟု မြန်မာမှုပြုထားခြင်းဖြစ်သည်ဟု အချို့က ယူဆကြသည်။ ဤအယူအဆမှာ စဉ်းစားဖွယ်၊ ဆင်ခြင်ဖွယ်ဖြစ်နေပေသည်။ တိပိဋက ပါဠိ- မြန်မာအဘိဓာန်တွင် "ကာယ" ဟူသောပုဒ်ကို "ကိုယ်"ဟု အနက်ပြန်ဆိုခဲ့၊ စာလုံးပေါင်းခဲ့၊ သုံးနှုန်းခဲ့ကြသည်မှာ ကာလအတန်ကြာခဲ့ပေပြီ။ "ကိုယ်" ဟူသောအရေး အလွန်အရေးတွင်ကျယ်ခဲ့သည်ဟု ဆိုရပေမည်။

"ကိုယ်" ဟူသော အသုံးအနှုန်း အလွန်များပြားလှပါသည်။ "ကိုယ်ခန္ဓာ၊ ခန္ဓာကိုယ်၊ ကိုယ်ကျင့်တရား၊ ကိုယ်ချင်းစာ၊ ကိုယ်စားလှယ်၊ ကိုယ်စီကိုယ်င၊ ကိုယ်တိုင်ကိုယ်ကျ၊ ကိုယ်ထိလက်ရောက်၊ ကိုယ်ထူးကိုယ်ချွန်၊ ကိုယ်ထင်ပြ ၊ ကိုယ်ဖိရင်ဖိ၊ ကိုယ်ရေးကိုယ်တာ၊ ကိုယ်ရောစိတ်ပါ၊ ကိုယ်လုံးကိုယ်ပေါက်၊ ကိုယ်လွတ်လက်လွတ်၊ ကိုယ်ဝန်ဆောင်" စသည် များလှစွာ၏။ ဤသို့ အသုံးတွင်ခဲ့၊ အရေးတွင်ခဲ့သော "ကိုယ်" ဟူသောအရေးသည် မြန်မာစာတတ်သူအားလုံးက နှစ်ခြိုက်မြတ်နိုးစွာ လက်ခံသုံးနှုန်းရေးသားကြသော အသုံးအနှုန်း၊ အရေးအသားဖြစ်နေချေပြီ။ စာရေးသူကိုယ်တိုင်လည်း "ကိုယ်" ဟူသောအသုံး၊ "ကိုယ်" ဟူသောစာလုံးပေါင်းကို နှစ်ခြိုက်ပါသည်။ "ကိုယ်"၏ အနက်၊ အဓိပ္ပာယ်နှင့် ပါဠိဘာသာ "ကာယ"ဟူသော ပုဒ်၏အနက်၊ အဓိပ္ပာယ်တို့တူညီသည်ဟုလည်း ခံစားနားလည်ထားပါသည်။ သို့ရာတွင် "ကာယ" ဟူသောပုဒ်မှ "ကိုယ်" ဖြစ်လာသည်ဟူသော စကားလုံးပြောင်းထုံးကိုမူ ဘဝင်ကျကျလက်ခံရန် ခဲယဉ်းနေပါသည်။ -

ရှင်းပါမည်။ "ကာယ" မှ "ကိုယ်"ဟု ပြောင်းသောစာလုံးပေါင်းပြောင်းထုံးကို တွေ့ရခဲသည်ဟုဆိုရပါလိမ့်မည်။ တစ်နည်းဆိုသော် အာယ (-ာယ)မှ အိုယ် (ိုယ်) ဟူသောပြောင်းထုံးဟု ဆိုလိုပေသည်။ "-ာယ"မှ "ိုယ်" ဟု မပြောင်းဘဲ "-ာယ"မှ "-ာယ်" သို့သာ စာလုံးပေါင်းပြောင်းရိုးဖြစ်သည်ကို တွေ့ရပါသည်။

သာဓက။ ။ နိကာယ > နိကာယ် ။ ပဉ္စနိကာယ > ပဉ္စနိကာယ် ။ ရူပနိကာယ > ရူပနိကာယ် ။ သဒ္ဒနိကာယ > သဒ္ဒနိကာယ်။ သရဏ္ဍာယ > သရဏ္ဍာယ်။ ဥပဏ္ဍာယ > ဥပဏ္ဍာယ်။ သပ္ပာယ > သပ္ပာယ်။ အပါယ > အပါယ်။ အလမ္ပာယ > အလမ္ပာယ်။ ဥပါယ > ဥပါယ်. . . စသည်။

သို့ဖြစ်ရာ "ခန္ဓာကိုယ်" မှ "ကိုယ်" သည် "ကာယ" မှ ပြောင်းလာသည်ဟုဆိုရန် ခက်ပေလိမ့်မည်။ "ကာယ"မှ "ကာယ်" သို့သော စာလုံးပေါင်းပြောင်းထုံးအတိုင်းပြောင်းပါကလည်း "ကာယ်ခန္ဓာ၊ ခန္ဓာကာယ်၊ ကာယ်ကျင့်တရား၊ ကာယ်ချင်းစာ၊ ကာယ်စားလှယ်" စသည် စသည် အရေးများ၊ အပြောများ ဖြစ်လာရန် အကြောင်းရှိပေသည်။

ဤသို့ဆိုလျှင် "ကိုယ်ခန္ဓာ၊ ခန္ဓာကိုယ်" စသည်တို့မှ "ကိုယ်" သည် မည်သည့်ရင်းမြစ်စကားကို အခြေခံ၍ ဖြစ်လာသနည်းဟု စဉ်းစားဆင်ခြင် အဖြေထုတ်ရန် လိုအပ်ပေလိမ့်မည်။ အမှန်စင်စစ် "ကိုယ်ခန္ဓာ၊ ခန္ဓာကိုယ်" မှ "ကိုယ်သည် မြန်မာစကားအစစ် ကကြီးလုံးကြီးတင်တစ်ချောင်းငင် "ကို"တွင် "ယသတ်(-ယ်) ပေါင်းယှဉ်ပြီး "ကိုယ်"ဟု စာလုံးပေါင်းထားခြင်း၊ ရေးထုံးပြုထားခြင်းမျှသာဖြစ်သည်ဟု ဆိုရပါမည်။ "ကိုယ်ခန္ဓာ၊ ခန္ဓာကိုယ်" မှ "ကိုယ်" ကို ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ် ကျောက်စာများနှင့် ကုန်းဘောင်ခေတ် ကျောက်စာအချို့တွင် ကကြီးလုံးကြီးတင်တစ်ချောင်းငင် ဝသတ် "ကိုဝ်" ဟု စာလုံးပေါင်းလျက် ရေးထိုးခဲ့ကြသည်ကိုလည်း တွေ့နိုင်ကြရပါသည်။

မြန်မာစကားအစစ် "ကို"တွင် အဘယ်ကြောင့် "ယသတ်"(ယ်) ပေါင်းယှဉ်ပါသနည်း။ "ကို" တွင် ယသတ်(ယ်)ပေါင်းယှဉ်၍ ရေးထုံးပြုခဲ့ကြသည်မှာ အကြောင်းမဲ့မဟုတ်တန်ရာဟု မှတ်ယူရန်ရှိပါသည်။ "ကိုခန္ဓာ၊ ခန္ဓာကို"ဟုမရေးဘဲ "ကိုယ်ခန္ဓာ၊ ခန္ဓာကိုယ်" ဟုရေးသောရေးထုံးသည် ကျွန်ုပ်တို့၏ဘိုးဘေးဘီဘင်များ ဉာဏ်အမြော်အမြင်ကြီးစွာ ဖန်တီးခဲ့သောရေးထုံးဖြစ်သည်ဟု ဆိုချင်ပါသည်။ **(ဆက်လက်ဖော်ပြပါမည်)**

ကော့ကရိတ် မေ ၁၄

# ကော့ကရိတ်မြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်ဆွေးနွေး



ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏ (၅/၂၀၂၄)အစည်းအဝေးကို မေလ ၁၃ ရက်နေ့ မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ(၂)တွင် ကျင်းပရာ ကော့ကရိတ်မြို့နယ်ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်၊ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးစောထွန်းအောင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးညီညီဇော်နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပြီး ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီဝင်များက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကော့ကရိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းဝေက လတ်တလောလိုအပ်လျက်ရှိသည့် ပြန်လည်တည်ထောင်ရေးလုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြဆွေးနွေးရာ တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကော့ကရိတ်မြို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အမှတ်(၂)ရပ်ကွက်ရှိ ပြည်သူ့ဆေးရုံဖွင့်လှစ်ထားရှိမှု၊ အမှတ်(၄)ရပ်ကွက် တောင်ပေါ်ကျောင်းတိုက် သောက်သုံးရေရရှိရေး ရေပိုက်သွယ်တန်းမှု၊ ကျောင်းဆောင်အမိုးများပြင်ဆင်မှုနှင့် ရပ်ကွက်အတွင်း လျှပ်စစ်မီးကြိုးများ ဓာတ်တိုင်များ ရှင်းလင်းသွယ်တန်းမှု၊ အမှတ်(၃)ရပ်ကွက်အတွင်း စားသောက်ကုန်ပစ္စည်းများရောင်းချမှု၊ ယာယီနေရပ်စွန့်ခွာသူများ၏ အိမ်ထောင်စုများစာရင်းကောက်ယူမှု၊ ကယ်ဆယ်ရေးပစ္စည်းထောက်ပံ့ပေးအပ်မှုနှင့် ကော့ကရိတ်မြို့သို့ ပြန်လည်ဝင်ရောက်လာမည့် ယာယီနေရပ်စွန့်ခွာသူများအတွက် ဇိနသုခလောကသရဖူ စေတီတော်ဝန်းအတွင်း၌နေထိုင်ရန် ဆောက်လုပ်နေမှု အခြေအနေတို့ကို ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်မျိုးဝင်း(ခရိုင်ပြန်/ဆက်)

မြောင်းမြ မေ ၁၄

# မြောင်းမြခရိုင်အတွင်းရောက်ရှိနေသော ယာယီနေရပ်စွန့်ခွာသူများအတွက် သုံးလစာ ဆန်ရိက္ခာများထောက်ပံ့ပေးလျက်ရှိ




ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့တွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မြောင်းမြခရိုင်ဦးစီးမှူးရုံးနှင့် ဝါးခယ်မမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ခရိုင်အတွင်းရောက်ရှိနေသော ယာယီနေရပ်စွန့်ခွာသူ ၅၃ ဦးအတွက် သုံးလစာ ဆန်ရိက္ခာများ ယမန်နေ့နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မြောင်းမြခရိုင်အတွင်းရှိ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မမြို့နယ်တို့သို့ ရောက်ရှိနေကြသော ယာယီနေရပ်စွန့်ခွာသူ ၅၃ ဦးတို့အတွက် ဆန်ရိက္ခာပြတ်လပ်မှု မရှိစေဘဲ စားဝတ်နေရေးအဆင်ပြေစေရေးအတွက် တစ်ဦးလျှင် ဆန်နို့ဆီနှစ်ဘူးနှုန်းဖြင့် သုံးလစာထောက်ပံ့ပေးသည့် ဆန် ၄၉ အိတ်အား ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့်အတူ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန

ပညာ

၂၀၂၄-၂၀၂၅ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ်

၂၀၂၄ ခုနှစ်၊ မေလ (၂၃) ရက်နေ့မှ ဇွန်လ (၂) ရက်နေ့ထိ

နေပြည်တော် မေ ၁၄

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

(မိုး/ဇလ)

# ဆေးဖက်ဝင်အပင်နှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ

**အုန်းပင်**

အင်္ဂလိပ်အမည်- Coconut Palm

မျိုးရင်း- Palmaceae

ရုက္ခဗေဒအမည်- Cocos nucifera Linn.

**အဓိကဆေးဖက်ဝင်ပုံ**

အပူကန်ခြင်း၊ ရေဓာတ်အားနည်းခြင်း၊ ဆီးသွားနည်းခြင်း၊ ဆီးကျိတ်ရောဂါ၊ ဆီးလွန်ရောဂါ၊ သွေးပေါင်ကျရောဂါ၊ ကြွက်သားအားနည်းရောဂါ၊ ကြွက်တက်ရောဂါ၊ အပူကြီးအဖျားရောဂါ၊ ညအိပ်မပျော်ရောဂါနှင့် အစာအိမ်လေပူထရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် ပေါက်ရောက်ပြီး ပင်လယ်ကမ်းခြေ၌ ပိုမိုဖြစ်ထွန်းသည်။ တချို့ကုန်းတွင်းပိုင်း၌ စီးပွားဖြစ်စိုက်ပျိုးသူများလည်း ရှိသည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အသီး၊ အပွင့်၊ အသား၊ တစ်ပင်လုံးဆေးဖက်ဝင်အသုံးပြုနိုင်သည်။

**အပင်ပုံသဏ္ဌာန်**

၁၂ ရာသီစလုံးစိမ်းနေပြီး အမြင့်ပေ ၂၀ မှ ၈၀ အထိမြင့်သည်။ မြင့်မားဖြောင့်တန်းသော ပင်စည်ရှိသည်။ အုန်းပင်မှာ အဖို၊ အမပင်ဟူ၍ သီးခြားမရှိပါ။ ရွက်လက်တံရှည်၍ ငှက်မွေးရွက်ပေါင်းထွက်သည်။

အုန်းပန်းသည် အုန်းပင်တစ်ပင်တည်းမှာဘဲ အဖိုပွင့်ရော အမပွင့်ပါ ပါသောပန်းခိုင်ရှိသည်။ အုန်းပန်းမှာ ဆင်စွယ်ရောင်ရှိပြီး အလွန်နှစ်သက်ဖွယ်ကောင်းသည်။

အုန်းသီးမှာ တခြားအသီးများနှင့်မတူဘဲ အတွင်းခွံမာမျိုးဖြစ်သည်။ အပြင်ခွံ၏အောက်တွင် အစေ့ခွံရှိပြီး အတွင်းနံရံတွင် အုန်းသားရှိသည်။ အုန်းရည်လည်းပါရှိသည်။ အုန်းသီးနုနုအရောင်မှာ အစိမ်းရောင်ရှိပြီး ရင့်လာသည့်အခါ အညိုရောင်သန်းလာပြီး ခြောက်ပါက ညိုခြောက်ခြောက် အရောင်ရှိသည်။ အုန်းသီးမှာ အခိုင်လိုက်သီးပြီး တစ်ခိုင်လျှင် အသီးလုံးပေါင်း ၁၀ မှ ၂၀ အထိရှိသည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ အုန်းသီးဆန်သည် အေးသည်။ ချိုဆိမ့်အရသာရှိသည်။ ကြေကျက်လွယ်သည်။ အကြောတက်ရောဂါ၊ ကိုယ်သားကိုယ်ရည် ပူလောင်သောရောဂါ၊ သည်းခြေဒေါသဖောက်ပြန်ခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ ချောင်းဆိုးသောအခါ



သွေးစအနည်းငယ်ပါခြင်း၊ သုက်အားနည်းသောရောဂါတို့ကို သက်သာပျောက်ကင်းစေနိုင်သည်။ အုန်းရည်သည် အဆီဩဇာအနည်းငယ်ရှိသည်။ အေးသည်။ အချိုရှတတရှိသည်။ အရသာပြင်းသည်။ အုန်းပင်နီမျိုးတွင် အများဆုံးတွေ့ရသည်။

အုန်းရည်သည် အုန်းသီးအနုအရင့်ပေါ်မူတည်၍ အာနိသင်ကွဲပြားသည်။ အုန်းရည်သည် ကြေလွယ်သည်။ ရေငတ်ခြင်း၊ သည်းခြေနာ၊ လေနာတို့ကိုနိုင်သည်။ ဆီးကိုရွှင်စေသည်။ ဝမ်းမီးကိုတောက်စေသည်။ ဝမ်းသွားပြီး အော့အန်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ ဆီးအောင့်ခြင်း၊ ဆီးနီခြင်းများကိုသက်သာစေသည်။ အုန်းပွင့်သည်စိမ့်သည်။ အနည်းငယ်ဖန်သည်။ ဓာတ်ကိုချုပ်စေတတ်သည်။ သွေးဝမ်းသွားခြင်း၊ ဆီးလွန်ရောဂါကိုနိုင်သည်။ အုန်းမြစ်သည် အေးသောအရသာရှိသည်။ ဆီးကိုရွှင်စေသည်။ လည်ချောင်းနှင့်အာခေါင်၌ ပေါက်သောအဖုများကို ပျောက်ကင်းစေသည်။

**ဆေးဖက်ဝင်အသုံးပြုပုံ**

- အကြောတက်ရောဂါဖြစ်လျှင် အုန်းစိမ်းရည်ကိုသောက်ပြီး နုသောအုန်းသီးအဆန်ဖွန်းခြစ်သားကို စားပေးပါက သက်သာစေနိုင်သည်။ အညောင်းထိုင်၍ ခြေလက်ကိုက်ခဲသူများလည်း ဤနည်းအတိုင်းစားသုံးနိုင်သည်။

- အပူကန်လည်ချောင်းနာဖြစ်လျှင် အုန်းသီးဆန်အနုကို ထန်းလျက်နှင့်ရောစားပါက သက်သာနိုင်သည်။

- အထက်လန်အောက်လျှောဖြစ်ခြင်း၊ ဝမ်းအရည်



သွားခြင်းဖြစ်ပါက အုန်းစိမ်းရည်ကိုဖောက်၍ အပြင်သို့မသွန်ဘဲ ပိုက်ဖြင့်စုပ်ယူ၍ သောက်သုံးပေးပါ။ ဝမ်းသွားများခြင်းအပေါ် မူတည်၍ တစ်ရက်အတွင်း အုန်းစိမ်းရည်သုံးလုံးမှ ငါးလုံးအထိ သောက်သုံးပေးပါက ပြန်လည်ကျန်းမာလာစေနိုင်သည်။

- လည်ချောင်းနှင့်အာခေါင်၌ အဖုများပေါက်ပါက အုန်းမြစ်အနုဝါး၍စားပေးပါ။ အုန်းမြစ်ရင့်ပါကသွေး၍ လည်ချောင်းနှင့်အာခေါင်အတွင်းအပြင် သုတ်လိမ်းပေးပါ။

- ကြို့ထိုးလျှင် အုန်းမြစ်ကိုပြာချ၍ ပျားရည်နှင့်ရောစပ်ပြီး လျက်ပေးပါ။

- ပွေးပေါက်လျှင် အုန်းမှုတ်ခွက်ကိုမီးဖုတ်၊ အဆီထုတ်၍ ထိုအဆီကို ပွေးနာများပေါ်တွင် ခပ်ကြမ်းကြမ်းပွတ်ပြီး သုတ်လိမ်းပေးပါက ပျောက်ကင်းစေနိုင်သည်။

**နွေရာသီတွင် အုန်းစိမ်းရည်သောက်ခြင်းအကျိုး**

ရှေးလူကြီးများသည် နွေရာသီရောက်လာသောအခါ ကျောက်၊ ဝက်သက်စသော အပူကန်၊ အပူငုပ်ရောဂါများ ကာကွယ်နိုင်ရန် အသားမရင့်သေးသော အုန်းစိမ်းရည်ကိုတိုက်လေ့ရှိသည်။

အသားတည်ခါစ ဇွန်းခြစ်ဟုခေါ်ဆိုသော အုန်းစိမ်းရည်သည် အုန်းခြောက်ရည်နှင့်မတူ။ ဆန့်ကျင်ဘက်ဖြစ်သည်။ အကျိုးမှာလည်းမတူ။ အုန်းခြောက်ရည်သောက်လျှင် အပူကန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ယားနာထခြင်းစသော ဆိုးကျိုးများခံစားရလေ့ရှိသည်။

အုန်းစိမ်းရည်နှင့် အုန်းခြောက်ရည်မတူညီသော ခြားနားချက်မှာ အုန်းရည်ပေါ်တွင် အဆီများ ဝေ့နေလျှင် အုန်းခြောက်ရည်ဖြစ်နိုင်သည်။ အရသာမှာ အချိုနှင့်အငန်ရောစပ်နေသည်။ လေသလပ်ထားလျှင် ခဏအတွင်း အချဉ်ဓာတ်ပေါက်သွားလေ့ရှိသည်။ ထို့ကြောင့် ရှေးဆေးဆရာကြီးများက ကျောက်၊ ဝက်သက်ရောဂါများကုသရာတွင် အုန်းစိမ်းရည်ချက်ချင်းမရနိုင်ပါက နတ်အုန်းသီးကဲ့သို့ အုန်းခြောက်ရည်ကိုယူပြီး မီးဖြင့်ဆူပွက်အောင်ကျိုကာ ဆေးနှင့်ရောတိုက်လေ့ရှိသည်။

ဂျပန်ခေတ် ဆေးဝါးရှားပါးသောကာလက အားပြတ်သော လူနာများ၊ ဝမ်းလျှော၊ ဝမ်းပျက်သောလူနာများကို ဂလူးကို့စ်အချိုရည်မရှိသဖြင့် အုန်းစိမ်းကိုထိပ်မှ ကြွက်မြီးဖြတ်ပြီး အပ်စိုက်ကာ အကြောဆေးအဖြစ်သွင်းပေးရသည်ဟုဖတ်ဖူးသည်။ အုန်းစိမ်းရည်၏အစွမ်းသတ္တိမှာ အနောက်တိုင်းဆရာဝန်များကပင် အသိအမှတ်ပြုသုံးစွဲကြသည်။

အုန်းသီး၏ထူးခြားချက်များမှာ အတွင်း၌ရှိနေသော အုန်းရည်သည် မခွဲမဖောက်သမျှကာလပတ်လုံး ခန်းသွားခြင်းမရှိပါ။ ချဉ်သွားသည်ဟူ၍လည်းမရှိပေ။ ယခုအခါ မြို့ကြီးများ၌ အပူရှိန်မြင့်တက်လာသဖြင့် Heat Stroke ခေါ် အပူလျှပ်၍ လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်းတို့ အဖြစ်များသောရာသီဖြစ်သည်။ ဆီးပူ၊ ဆီးအောင့်ရောဂါများလည်း အဖြစ်များသည်။ အမျိုးသမီးများတွင် မီးယပ်ဖြူဆင်းရောဂါ၊ သွေးဆင်းလွန်သောရောဂါများ ဖြစ်လေ့ရှိသည်။ ထိုကဲ့သို့ အပူကန်၊ အပူငုပ်ရောဂါများအတွက် အုန်းစိမ်းရည်သောက်ပေးခြင်းဖြင့် သက်သာစေနိုင်သည်။

အမျိုးသားများတွင်ဖြစ်လေ့ရှိသော ဆီးကျိတ်ရောင်ရောဂါကိုလည်း သက်သာစေနိုင်သည်။ အုန်းစိမ်းရည်သည် အာဟာရဓာတ်ကြွယ်ဝပြီး အပူငြိမ်းရုံသာမက အရိုးအဆစ်၊ အရွတ်၊ ကြွက်သားများပါကောင်းစေနိုင်သော အာနိသင်အထူးရှိသည်။

တချို့အုန်းရည်သည် ငန်သည်။ နှလုံးကြည်လင်စေတတ်သည်။ နှုတ်ကိုမြိန်စေတတ်သည်။ အားကိုဖြစ်စေတတ်သည်။ အလွန်နုသော အုန်စိမ်းရည်သည် ဝမ်းကျတတ်၏။ ဆွတ်ခူး၍ကြာပြီးသော အရည်သည် ဝမ်းချုပ်သည်။ ကြေခဲသည်။ သည်းခြေကိုပျက်စေတတ်ကြောင်း ရေးသားထားသည်ကို လေ့လာတင်ပြလိုက်ရပါသည်။

**ကြည်လွင်မြင့်(မုဒြာ)**

ငပုတော၊ စိုက်ပျိုးစီးပွား

## ငပုတောမြို့နယ်၌ ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စားဖိုဆောင်သီးနှံစုံ ၅၉၂၅ ဧက ဆွတ်ခူးပြီးစီး

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စားဖိုဆောင်သီးနှံစုံ ၅၉၂၅ ဧက ဆွတ်ခူးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်၏ ပြောဆိုချက်အရ သိရသည်။

ငပုတောမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စားဖိုဆောင်သီးနှံစုံ ၅၉၂၅ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစားဖိုဆောင်သီးနှံများကို ပြီးခဲ့သည့်ဖေဖော်ဝါရီလပထမပတ်က စတင်ဆွတ်ခူးခဲ့ရာ လက်ရှိတွင် ဧကအားလုံးရာနှုန်းပြည့်ဆွတ်ခူးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာရှိတဲ့ ဒေသခံတောင်သူတွေက စပါးစိုက်ပျိုးရေးလုပ်ငန်းအပြင် စားဖိုဆောင်သီးနှံတွေကိုလည်း စိုက်ပျိုးပါတယ်။ ဒီနှစ်စားဖိုဆောင်သီးနှံစုံ ၅၉၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ စားဖိုဆောင်သီးနှံတွေအားလုံး ပြန်လည်ဆွတ်ခူးပြီးစီးပြီဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားဧကအတိုင်း ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့လိုအပ်တာတွေ ပြင်ဆင်ဆောင်ရွက်ပေးခဲ့ပါတယ်။ စားဖိုဆောင်သီးနှံတွေကို ဒေသခံတောင်သူတွေက ဒေသနဲ့ကိုက်ညီပြီး အထွက်နှုန်းကောင်း၊ ဝင်ငွေကောင်းတဲ့သီးနှံတွေကို အဓိကစိုက်ပျိုးခဲ့တာဖြစ်ပါတယ်" ဟု ဦးထွန်းမျိုးသန့်ကပြောသည်။

ငပုတောမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စားဖိုဆောင်သီးနှံစုံ ၅၉၂၅ ဧကကို ကျေးရွာအုပ်စု ၁၄ အုပ်စု ကျေးရွာခွဲ ၁၈ ရွာမှ အများဆုံးစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သုတကျော်**



ပုသိမ်၊ သဘာဝဘေးအန္တရာယ်

# ဧရာဝတီတိုင်းဒေသကြီးအတွင်း လာမည့်မိုးကြိုကာလအတွက် Shelter အလုံး ၁၂၀ ကျော် ပြင်ဆင်ဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီးအတွင်း လာမည့်မိုးကြိုကာလတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ပြည်သူများ ခိုလှုံနိုင်ရန်အတွက် School cum shelter၊ Multi-purpose shelter နှင့် Cyclone shelter များအပါအဝင် စုစုပေါင်း Shelter အလုံး ၁၂၀ ကျော်ရှိပြီး လူဦးရေ ၆၀၀၀၀ ကျော် ယာယီခိုလှုံနိုင်စေရန် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြောင်း ဧရာဝတီတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

Shelter တစ်ခုလျှင် လူဦးရေ ၅၀၀ ခန့်နှင့် Shelter ၁၂၁ လုံးတွင် စုစုပေါင်း လူဦးရေ ၆၀၀၀၀ ကျော် ခိုလှုံနိုင်မည်ဖြစ်ပြီး သာမန်အချိန်များတွင် ယင်း Shelter များကို ဆေးရုံ၊ ဆေးခန်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး စသည့် ကိစ္စရပ်များအတွက်အသုံးပြုကာ မုန်တိုင်းတိုက်ခတ်ခြင်းနှင့် အရေးပေါ်အချိန်များတွင် ဒေသခံပြည်သူများ ယာယီခိုလှုံနိုင်ရန် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်သည်။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဆောင်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းထားပြီး သဘာဝဘေးဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ရေးဆွဲကာ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြောင်း၊ လက်ရှိ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်အနက် မြို့နယ် ၁၆ မြို့နယ်၌ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးရုံးများ ဖွင့်လှစ်ထားကြောင်း သိရသည်။


သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ကယ်ဆယ်ရေးပစ္စည်းများ အမြန်ဆုံးဖြန့်ဖြူးပေးနိုင်စေရန် တိုင်းဒေသကြီးဦးစီးမှူးရုံးရှိ သိုလှောင်ရုံ၌ ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးကို အိမ်ထောင်စု ၂၆၀၀ ကျော်အတွက် အသင့်ပြင်ဆင်ထားပြီး တခြားခရိုင်အဆင့်ရုံးခွဲများတွင်လည်း အိမ်ထောင်စု ၅၀၀ စာမှ ၁၀၀၀ စာအတွက် အသီးသီးသိုလှောင်ထားကြောင်း သိရသည်။

**ဆောင်းဦး**

## မိုးလေဝသ သတင်း

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ပေါင် | (၁. ၈၁)လက်မ |
| သထုံ | (၁. ၆၄)လက်မ |
| ထားဝယ် | (၁. ၂၂)လက်မ |
| ပုသိမ် | (၁. ၁၄)လက်မ |
| ကန်ကြီးထောင့် | (၁. ၀၅)လက်မ |
| ကော့သောင်း | (၀. ၇၅)လက်မ |
| မြိတ် | (၀. ၄၃)လက်မ |
| မိုးကုတ် | (၀. ၂၀)လက်မ |
| လပွတ္တာ | (၀. ၂၀)လက်မ |
| မြဝတီ | (၀. ၁၆)လက်မ |
| ကျောက်မဲ | (၀. ၁၂)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ချောက် | ၄၄. ၆ °C |
| မြင်းခြံ | ၄၃. ၀ °C |
| ညောင်ဦး | ၄၃. ၀ °C |
| မကွေး | ၄၃. ၀ °C |
| တောင်တွင်းကြီး | ၄၃. ၀ °C |
| အောင်လံ | ၄၂. ၇ °C |
| မြင်းမူ | ၄၂. ၅ °C |
| ပြည် | ၄၂. ၄ °C |
| တံတားဦး(လေကြောင်းမိုးလေဝသ) | ၄၂. ၃ °C |
| ကျောက်ဆည်(လွန်ကျော်) | ၄၂. ၂ °C |




| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၂ | ၃၃ |
| ရှမ်း(မြောက်) | ၁၉ | ၃၄ |
| ရှမ်း(အရှေ့) | ၁၉ | ၃၃ |
| ရှမ်း(တောင်) | ၁၈ | ၃၁ |
| ချင်း | ၁၅ | ၂၉ |
| စစ်ကိုင်း(အထက်) | ၂၅ | ၃၉ |
| စစ်ကိုင်း(အောက်) | ၂၈ | ၄၁ |
| နေပြည်တော် | ၂၈ | ၄၀ |
| မန္တလေး | ၃၀ | ၄၂ |
| မကွေး | ၂၃ | ၄၄ |
| ရခိုင် | ၂၄ | ၃၃ |
| ပဲခူး | ၂၅ | ၄၀ |
| ရန်ကုန် | ၂၃ | ၄၀ |
| ဧရာဝတီ | ၂၄ | ၃၈ |
| ကယား | ၂၀ | ၃၂ |
| ကရင် | ၂၃ | ၃၈ |
| မွန် | ၂၅ | ၃၈ |
| တနင်္သာရီ | ၂၀ | ၃၄ |

ရေနံချောင်း၊ စိမ်းလန်းစိုပြည်ရေး

# ရေနံချောင်းမြို့ရှောင်လမ်း အထူးစိမ်းလန်းစိုပြည်ရေးဇုန်၌ အထူးစိမ်းအပင်ကြီး ၁၀၀၀ ပြုစုပျိုးထောင်ထား

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မိုးကြိုကာလစိုက်ပျိုးခြင်းအဖြစ် မြို့ရှောင်လမ်းအထူးစိမ်းလန်းစိုပြည်ရေးဇုန်စီမံကိန်း စိုက်ခင်းအမှတ် (၄/၂၀၂၄) ၌ အထူးစိမ်းအပင်ကြီး ၁၀၀၀ ပြုစုပျိုးထောင်ထားကြောင်း သိရသည်။



အဆိုပါစိုက်ခင်းအတွင်း တမာပင် ၂၀၀၊ ရှားပင် ၂၀၀၊ မဲဇလီပင် ၂၀၀၊ ဖျောက်ဆိပ်ပင် ၂၀၀၊ ပဲချယ်ရီပင် ၂၀၀ စုစုပေါင်းအပင် ၁၀၀၀ ကို ဧပြီလ ၄ ရက်မှ မေလ ၅ ရက်အထိ စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

မိုးကြိုကာလစိုက်ပျိုးခြင်းအဖြစ် မိုးဦးမကျမီ အပင်များရှင်သန်ကြီးထွားစေရန် နေ့စဉ်ရေလောင်းခြင်းနှင့် ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းစိုးဝင်းကပြောသည်။

ရေနံချောင်းမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် သစ်တောသစ်ပင်စိုက်ပျိုးခြင်းဖြင့် ရာသီဥတုဖောက်ပြန်မှုကို တားဆီးကာကွယ်နိုင်ရေး၊ ဂေဟစနစ်ထိခိုက်ပျက်စီးမှုကို တားဆီးကာကွယ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေကာ လူသားများနှင့် တခြားတိရစ္ဆာန်များကို အကျိုးပြုနိုင်စေရေး အထူးစိမ်းလန်းစိုပြည်ရေးဇုန်စီမံကိန်းများဖော်ဆောင်၍ သစ်တောသစ်ပင်များ နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

ရန်ကုန်၊ ယဉ်ကျေးမှု

# ရွှေတိဂုံစေတီတော်တွင် (၄၁)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပမည်

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်တွင် (၄၁)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို မေလ ၂၂ ရက် (၁၃၈၆ ခုနှစ် ကဆုန်လပြည့်နေ့)မှစတင်၍ စေတီတော်ရင်ပြင် အင်္ဂါထောင့်ရှိ မဟာဗောဓိညောင်ပင်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့အနေဖြင့် ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများဖြင့် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ဘုရားဖူးပြည်သူများ ရင်ပြင်တော်ထောင့်လေးထောင့်ရှိ မဟာဗောဓိညောင်ပင်များ၌ လွယ်ကူစွာ ညောင်ရေသွန်းလောင်းပူဇော်နိုင်ရန်အတွက် ဝန်ထမ်းများက ကုသိုလ်ယူကူညီဆောင်ရွက်ပေးရန် စီစဉ်ထားမည်ဖြစ်ကြောင်း သိရသည်။

"ရွှေတိဂုံစေတီတော်မှာဆိုရင် ဗောဓိပင်က အင်္ဂါထောင့်မှာ တစ်ပင်၊ ဗုဒ္ဓဟူးထောင့်မှာ တစ်ပင်၊ စနေထောင့်မှာ တစ်ပင်၊ ရာဟုထောင့်မှာတစ်ပင်၊ တနင်္ဂနွေထောင့်မှာတစ်ပင် အားလုံးငါးပင်ရှိပါတယ်။ အဲဒီဗောဓိညောင်ပင်ငါးပင်စလုံးမှာ အများပြည်သူတွေ ညောင်ရေသွန်းလောင်းကုသိုလ်ယူလို့ရအောင် ဖိုက်ဘာရေကန်တွေနဲ့ ရေအိုးတွေ ထားပေးမှာဖြစ်ပါတယ်"ဟု ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည် မြတ်ဗုဒ္ဓ၏မမေ့အပ်ရာ နေ့ထူးနေ့မြတ် မင်္ဂလာအခမ်းအနားများအားလည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်များအားလည်းကောင်း ၁၂ လ ရာသီပတ်လုံး စဉ်ဆက်မပြတ်ကျင်းပလျက်ရှိကြောင်း သိရသည်။

**ဝန်းရံခ**

ပုသိမ်၊ စိုက်ပျိုးရေး

# ပုသိမ်ခရိုင်၌ နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါးဧက ၂၂၇၉၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါးဧက ၂၂၇၉၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုး၏ပြောဆိုချက်အရ သိရသည်။

ပုသိမ်ခရိုင်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါးလျာထားဧက ၂၁၈၂၅၅ ဧကကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ဧက ၂၂၇၉၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကာ လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပုသိမ်ခရိုင်တစ်ခုလုံးအနေနဲ့ နွေစပါး ၂၁၈၂၅၅ ဧကအထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ နွေစပါးဧက ၂၂၇၉၉၀ အထိ စိုက်ပျိုးပြီးဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ နွေစပါးတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် မိုးစပါးတွေ ပြန်လည်ရိတ်သိမ်းပြီးစီးချိန်ကတည်းက နွေစပါးစိုက်ဖို့လိုအပ်တာတွေ ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဦးဝင်းစိုးကပြောသည်။

ပုသိမ်ခရိုင်၌ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ရက် ၉၀၊ GW-1၊ သီးထပ်ရင်၊ နှစ်လခွဲ၊ GW-11 စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးကြောင်း၊ နွေစပါးစိုက်ပျိုးရာတွင် ဖြစ်ထွန်းအောင်မြင်စေရန်၊ စပါးအရည်အသွေးကောင်းမွန်စေရန်၊ စပါးအထွက်နှုန်းကောင်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ ရွှေခရုအန္တရာယ်ကာကွယ်နိုင်စေရန် စသည့်အသိပညာပေးလုပ်ငန်းများကို စပါးများပြန်လည်ရိတ်သိမ်းချိန်အထိ ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

ရန်ကုန် မေ ၁၄

# နိုင်ငံတော်အစိုးရမှ ဆော်ဒီအာရေဗျနိုင်ငံ Buraydah မြို့တွင် အခက်အခဲကြုံတွေ့နေရသော မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ပြန်လည်ခေါ်ဆောင်

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက မည်သို့သောအခြေအနေဖြင့် ကြုံတွေ့နေရသည့်တိုင် နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထား၍ မြန်မာသံရုံးနှင့်သက်ဆိုင်ရာသံရုံးများချိတ်ဆက်၍ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည်ရောက်ရှိရေး ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ Buraydah မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် ရီရတ်ဒ်မြို့ရှိ အာဏာပိုင်များနှင့်ညှိနှိုင်း၍ နိုင်ငံတော်မှ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မေလ ၁၃ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့မှ ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၄၀ တွင် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာလာခဲ့ပြီး ဒူဘိုင်းနှင့် ဘန်ကောက်တို့မှတစ်ဆင့် ဆက်လက်ထွက်ခွာလာခဲ့ရာ ရန်ကုန်မြို့သို့ ည ၈ နာရီ ၁၅ မိနစ်တွင် ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မမြစံပယ်သည် ဆော်ဒီအာရေဗျနိုင်ငံ Buraydah မြို့ရှိ အလုပ်ရှင်နေအိမ်တွင် သုံးလကျော်အလုပ်လုပ်ကိုင်ခဲ့ပြီး ဆက်လက်အလုပ်လုပ်ကိုင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးခဲ့ပြီး နီးစပ်ရာရဲစခန်းသို့ရောက်ရှိခဲ့ရာ မြန်မာသံရုံးသို့ သွားရောက် အကူအညီတောင်းခံရန် ပို့လွှတ်ခဲ့၍ မြန်မာသံရုံးမှ သံမှူးကြီးနှင့် ဝန်ထမ်းများက မမြစံပယ်အား နေရာထိုင်ခင်း၊ အစားအသောက်နှင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ပြီး မြန်မာနိုင်ငံသို့ပြန်လည်ပို့ဆောင်နိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်၍ နိုင်ငံတော်အစိုးရ၏ ကူညီဆောင်ရွက်မှုဖြင့် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံ Buraydah မြို့တွင် အခက်အခဲရင်ဆိုင်ခဲ့ရမှုနှင့်စပ်လျဉ်း၍ မမြစံပယ်က "သမီးက ထန်းတပင်မြို့နယ်မှာနေပါတယ်။ Buraydah မှာ အလုပ်လုပ်ရင်း အိမ်ရှင်နဲ့အဆင်မပြေတာက အိမ်အလုပ်လည်းလုပ်ရတယ်၊ ဈေးလည်းရောင်းပေးရတယ်၊ သက်ကြီးရွယ်အိုကိုလည်းကြည့်ပေးရတယ်။ အလွန်ပင်ပန်းလာတာကြောင့် အိမ်ရှင်ကိုဒူဘိုင်းပြန်ပို့ပေးဖို့ပြောတော့ ကားနဲ့လမ်းခုလတ်ရဲစခန်းနားမှာထားပေးခဲ့တယ်။ ရဲစခန်းအကူအညီနဲ့ မြန်မာသံရုံးကိုရောက်သွားတော့ သံအမတ်၊ သံမှူးကြီးနဲ့ဝန်ထမ်းတွေက မိသားစုလိုကြိုဆိုပြီး နေထိုင်စားသောက်မှုကအစ အကူအညီအားလုံးပေးပါတယ်။ နိုင်ငံတော်အကြီးအကဲများနဲ့ မြန်မာသံရုံးကို ကျေးဇူးဆပ်ခွင့်ရရင်ဆပ်ချင်ပါတယ်။ အမိနိုင်ငံကိုပြန်ရောက်အောင် ဝိုင်းဝန်းစောင့်ရှောက်ပေးမှုကို တစ်သက်လုံးအမှတ်ရနေမှာပါ။ အားလုံး ကျန်းမာချမ်းသာကြပါစေ"ဟုပြောကြားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးမှ ညှိနှိုင်းဆောင်ရွက်မှုဖြင့် ကူညီဆောင်ရွက်ပေးခဲ့ရာ အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်မှုများရှိခဲ့ပြီး ယခုတိုင်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိရာ ထိုသို့ အမိနိုင်ငံသူတစ်ဦး အတိဒုက္ခကြုံတွေ့နေစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့်မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာအထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ဓာတ်ပုံ – ကနူး**
**ညိမ်းသူ(သတင်းစဉ်)**

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၅-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၆၀ | ၂၇၄၀ | ၂၇၂၀ | ၂၆၇၀ | ၂၇၄၀ | ၂၇၅၅ | ၂၇၆၅ | ၂၇၂၀ | ၂၈၅၀ | ၂၈၈၀ | ၂၇၃၀ | ၂၇၄၅ | ၂၇၇၅ | ၂၇၆၅ | ၂၇၈၀ | ၃၁၈၅ | ၃၄၅၀ |
| 95 Ron | ၂၇၆၅ | ၂၈၄၅ | ၂၈၂၀ | ၂၇၇၅ | ၂၈၄၅ | ၂၈၅၅ | ၂၈၇၀ | ၂၈၂၅ | ၂၉၅၅ | ၂၉၈၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၈၀ | ၂၈၇၀ | ၂၈၈၀ | ၃၂၉၀ | ၃၅၆၀ |
| HSD (500 ppm) | ၂၃၂၅ | ၂၄၀၀ | ၂၃၈၀ | ၂၃၃၅ | ၂၄၀၅ | ၂၄၁၅ | ၂၄၂၅ | ၂၃၈၅ | ၂၅၁၅ | ၂၅၄၅ | ၂၃၉၀ | ၂၄၀၅ | ၂၄၄၀ | ၂၄၃၀ | ၂၄၄၀ | ၂၈၅၀ | ၃၅၈၀ |
| HSD (50 ppm) | ၂၃၇၀ | ၂၄၅၀ | ၂၄၂၅ | ၂၃၈၀ | ၂၄၅၀ | ၂၄၆၅ | ၂၄၇၅ | ၂၄၃၀ | ၂၅၆၀ | ၂၅၉၀ | ၂၄၄၀ | ၂၄၅၅ | ၂၄၈၅ | ၂၄၇၅ | ၂၄၈၅ | ၂၈၉၅ | ၃၆၄၀ |
| HSD (10 ppm) | ၂၃၇၀ | ၂၄၅၀ | ၂၄၂၅ | ၂၃၈၀ | ၂၄၅၀ | ၂၄၆၅ | ၂၄၇၅ | ၂၄၃၀ | ၂၅၆၀ | ၂၅၉၀ | ၂၄၄၀ | ၂၄၅၅ | ၂၄၈၅ | ၂၄၇၅ | ၂၄၈၅ | ၂၈၉၅ | ၃၆၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၂၆ | ၂၆၁၀ |
| 95 Ron | ၂၆၂၆ | ၂၇၁၂ |
| HSD (500 ppm) | ၂၁၉၈ | ၂၂၇၁ |
| HSD (50 ppm) | ၂၂၄၄ | ၂၃၁၉ |
| HSD (10 ppm) | ၂၂၄၄ | ၂၃၁၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ပညာရေးဝန်ကြီးဌာန

၂၀၂၄-၂၀၂၅ ပညာသင်နှစ်

"အသိပေးကြေညာချက်"

၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"အစိုးရကတည် အကြမ်းဖက်သမားကဖျက်နဲ့ တိုးတက်ဖို့ဝေးနေတဲ့ မြန်မာပြည်မှ လမ်း၊ တံတားများ"** ခေါင်းစဉ်ဖြင့် ၁၅-၅-၂၀၂၄ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မိဘများ၏အတ္တစွဲကြောင့် စာသင်ကျောင်းနှင့်ပိုမိုဝေးကွာခဲ့ရသော မြန်မာပြည်မှ အနာဂတ်လူငယ်များ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လေကောင်းလေသန့်ရသော ပတ်ဝန်းကျင်တွင် လမ်းလျှောက်ရင်း အသက်ရှူလေ့ကျင့်ခန်းများပြုလုပ်ပေးပါ။**

## တေးသီချင်းဗီဒီယိုများ ရိုက်ကူးထုတ်လွှင့်ပြသမှုများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် အသိပေးကြေညာခြင်း

တေးသီချင်းဗီဒီယိုများကို နည်းလမ်းမျိုးစုံဖြင့် ရိုက်ကူးထုတ်လွှင့်ပြသမှုများ ဆောင်ရွက်ခြင်း မပြုမီ ရုပ်ရှင်ဥပဒေ၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေတို့အရ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့သို့ တင်ပြပြီး စစ်ဆေးခွင့်ပြုချက် ရယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်းကို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အသိပေးကြေညာခဲ့ပြီးဖြစ်သော်လည်း တေးသီချင်းဗီဒီယိုများကို ထုတ်လုပ်သူများက ၎င်းတို့၏ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆောင်ရွက်လိုကြောင်း တင်ပြမှုများရှိသည့်အတွက် ဆင်ဆာမူဝါဒများအား ထိခိုက်စေနိုင်ခြင်းမရှိစေရေး မိမိတို့ကိုယ်တိုင်တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် စိစစ်ပြီး ရိုက်ကူးထုတ်လွှင့်ပြသမှုများ ဆောင်ရွက်နိုင်ကြောင်းနှင့် ဆင်ဆာတင်ပြခွင့်ပြုချက်ရယူပြီး ဆောင်ရွက်လိုပါကလည်း အမြန်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ထုတ်လုပ်သူများအနေဖြင့် တေးသီချင်းဗီဒီယိုများကို မည်သည့်အချိန်က ရိုက်ကူးခဲ့သည်ဖြစ်စေ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့သို့ တင်ပြပြီး စစ်ဆေးခွင့်ပြုချက် ရယူဆောင်ရွက်နိုင်ပါကြောင်းနှင့် ဆင်ဆာမူဝါဒများနှင့်ညီညွတ်ခြင်းမရှိဘဲ ရိုက်ကူးထုတ်လွှင့်ပြသမှုများ ဆောင်ရွက်ပါက ရိုက်ကူးသူ ဒါရိုက်တာအပါအဝင် သရုပ်ဆောင်များ၊ ထုတ်လွှင့်ပြသသူများ၊ စီစဉ်သူ၊ ဇာတ်ညွှန်းရေးသူ စသည့် ဆက်စပ်ပါဝင်သူများအားလုံးကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

ရန်ကုန် မေ ၁၄

# အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့မှ စာပေပညာရှင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တွေ့ဆုံပြီး ဖိုတိုလစ်သိုပုံနှိပ်စက်ရုံနှင့် The Global New Light of Myanmar သတင်းစာတိုက်တို့ရှိ ပုံနှိပ်စက်များ ကြည့်ရှုစစ်ဆေး



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့မှ စာပေပညာရှင်များနှင့်တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် ယနေ့အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့်စာပေဗိမာန် စာမူဆုရွေးချယ်ရေးအဖွဲ့တို့အား လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်နှစ်ရာသီတွင် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့်အမျိုးသားစာပေတစ်သက်တာဆုရွေးချယ်မှုတို့အပေါ် အားနည်းချက်၊ အားသာချက်များအပေါ် သုံးသပ်ပြီး ယခုနှစ်တွင်လည်းဆုရွေးချယ်ရေးနှင့်ပတ်သက်၍ စနစ်တကျ စိစစ်ရွေးချယ်စေလိုပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့တာဝန်ယူစဉ်ကာလအတွင်း ပထမအကြိမ် စာပေဆုပေးပွဲကို ရန်ကုန်မြို့ မြဝတီစင်တာတွင်လည်းကောင်း၊ ဒုတိယအကြိမ် စာပေဆုပေးပွဲကို နေပြည်တော်တွင်လည်းကောင်း၊ ယခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် စာပေဆုပေးပွဲကို နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ စာပေပညာရှင်ကြီးများရွေးချယ်ဆုံးဖြတ်ထားသည့် ဆုနှင့်ပတ်သက်ပြီး အထူးပြောစရာမလိုပါကြောင်း၊ ဆုရွေးချယ်ရေးနှင့်ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်း ဥပဒေများနှင့်အညီ ဆုံးဖြတ်ချက်၊ သုံးသပ်ချက်များမှန်ကန်စွာ ရွေးချယ်စေလိုပါကြောင်း၊ အမျိုးသား စာပေတစ်သက်တာဆုသည် အင်မတန်မွန်မြတ်သည့် ဆုဖြစ်သည့်အတွက် စဉ်းစားချင့်ချိန်ဆုံးဖြတ်ပြီးမှ ရွေးချယ်စေလိုပါကြောင်း။

အမျိုးသားစာပေတစ်သက်တာဆုနှင့် ပတ်သက်ပြီး ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယနေ့အချိန်အခါသည် စာပေနှင့်ပတ်သက်ပြီး အစွန်းအထင်းမခံနိုင်ပါကြောင်း၊ စာပေသည် နိုင်ငံတော်၏ အသက်ဖြစ်ပါကြောင်း၊ စာတစ်ကြောင်း၊ စာတစ်ပိုဒ်သည်အလွန်အရေးကြီးပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း စာဖတ်ရှိန်မြှင့်တင်ရန် လမ်းညွှန်ချက်ပေးထားပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲမပြတ်လှေလှော်ဆည်းပူးနေသည့် လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ပေါ် ပေါက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရန် အားလုံးဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်းပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာပေဆု၊ စာမူဆုရွေးချယ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ညွန့် (တက္ကသိုလ်မြတ်သူ)၊ စာပေဗိမာန် စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများက ဆုရွေးချယ်မှုဆိုင်ရာ လုပ်ငန်းများပြင်ဆင်ထားရှိမှုများကိုလည်းကောင်း၊ စာအုပ်များလက်ခံရရှိမှု၊ ဆုရွေးချယ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဖိုတိုလစ်သိုပုံနှိပ်စက်ရုံသို့ရောက်ရှိပြီး ပုံနှိပ်စက်ရုံအတွင်း စက်များတပ်ဆင်ထားရှိမှု၊ ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စက်ကြံ့ခိုင်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်က ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်အဆင့်အပ်နှံသော ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းများ၊ ဌာနကထုတ်ဝေသော အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်ထုတ် စာအုပ်/စာစောင်များ၊ ပညာရေးဝန်ကြီးဌာနမှ အပ်နှံသော ကျောင်းသုံးဖတ်စာအုပ်များနှင့်အခြားဝန်ကြီးဌာနများမှ အပ်နှံသော ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက **နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ယခုနှစ်မှစတင်ပြီး နိုင်ငံတော်ဘဏ္ဍာငွေ အသုံးပြု၍ ဆောင်ရွက်ရသည့် စာအုပ်စာစောင်များ ပုံနှိပ်ခြင်းကို ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အောက်ရှိ ပုံနှိပ်စက်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးအောက်ရှိ ပုံနှိပ်စက်များတွင် စနစ်တကျ အပ်နှံဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ပုံနှိပ်ထုတ်လုပ်မှု အရည်အသွေးကောင်းမွန်မှုရှိစေရေး၊ အပ်နှံသည့်လုပ်ငန်းများအမှားအယွင်းမရှိ အရည်အသွေးကောင်းမွန်မှုရှိစေရန်နှင့် သတ်မှတ်ရက် အချိန်မီထောက်ပံ့နိုင်ရေး၊ ကုန်ကြမ်းပစ္စည်းများအလေအလွင့်မရှိစေရေး၊ လုပ်ငန်းဆောင်ရွက်ရာတွင် စေတနာအပြည့်အဝဖြင့် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားပြီး** ပုံနှိပ်စက်ရုံများအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် The Global New Light of Myanmar သတင်းစာတိုက်သို့ ရောက်ရှိပြီး ပုံနှိပ်စက်တပ်ဆင်ထားရှိမှု၊ ကြံ့ခိုင်ရေးဆောင်ရွက်ထားရှိမှု၊ ပုံနှိပ်စက်ဝန်ထမ်းအင်အား၊ သတင်းစာရိုက်နှိပ်မှုအပြင် ပြင်ပပုံနှိပ်လုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ မှာကြားခဲ့သည်။ **(သတင်းစဉ်)**

## ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် ပြည်သူလူထု၏လုံခြုံရေးနှင့် လူမှုဘဝမြှင့်တင်ရေးတို့အတွက် အီလက်ထရောနစ်နည်းပညာအသုံးပြု၍ နိုင်ငံအတွင်း နေထိုင်သူ တစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များနှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူကာ UID နံပါတ် ထုတ်ပေးခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာ လဝကမြို့နယ်ရုံးများနှင့် Mobile Team များ ကွင်းဆင်းဆောင်ရွက်မှုများတွင် အခမဲ့ဆောင်ရွက်ပေးလျက်ရှိသော်လည်း ပြည်သူများအနေဖြင့် UID နံပါတ်ရရှိရေးအတွက် ကြားပွဲစားများဖြင့် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး (Passport) ရုံးများနှင့် အပြည်ပြည်ဆိုင်ရာလေဆိပ်/ရေဆိပ်၊ နယ်စပ်ဂိတ်များတွင် တရားဝင်ထုတ်ပေးထားခြင်းမရှိသည့် UID နံပါတ်အတုများအသုံးပြုခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ရပါသည်။

၃။ UID နံပါတ်ဆိုသည်မှာ လူတစ်ဦးချင်းစီကိုင်ဆောင်သည့် နိုင်ငံသားဆိုင်ရာအသိအမှတ်ပြု ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးနှင့် နိုင်ငံခြားသားများအတွက် နိုင်ငံကူးလက်မှတ် (Passport) ၏ ကိုယ်ရေးအချက်အလက်များအပေါ် မူတည်၍ ၎င်းတို့၏ကိုယ်ရေးအချက်အလက်များနှင့် ဇီဝဆိုင်ရာအချက်အလက်များဖြစ်သည့် မျက်နှာသွင်ပြင်၊ လက် ၁၀ ချောင်းလက်ဗွေ၊ မျက်စိသူငယ်အိမ်တို့ကို ပေါင်းစပ်ကောက်ယူ၍ ဂဏန်း ၁၀ လုံးပါသည့် Unique ID နံပါတ်အား Random ဖြင့် ကျရာနံပါတ်ထုတ်ပေးခြင်းဖြစ်သည့်အတွက် ကာယကံရှင်ကိုယ်တိုင်ဆောင်ရွက်မှသာ ရရှိနိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးကြောင့် UID နံပါတ်ရယူလိုသူပြည်သူများအနေဖြင့် သက်ဆိုင်ရာ လဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်ဆောင်ရွက်ကြပါရန်နှင့် ကြားပွဲစားများဖြင့်ဆက်သွယ်၍ UID နံပါတ်အတုများ ကိုင်ဆောင်အသုံးပြုပါက ဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ပါကြောင်းနှင့် UID နံပါတ်ရရှိရေးအတွက် ဆောင်ရွက်ရာတွင် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြား ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

နေပြည်တော် မေ ၁၄

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

နေပြည်တော် မေ ၁၄

## နေ့အပူချိန်များအနည်းငယ်တိုးလာနိုင်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**(မိုး/ဇလ)**

# လမ်းဘေး ဝဲ ယာ သစ်ပင်စိုက်ပါ သာယာအေးမြအရိပ်ရ ရောင်စုံပန်းများဖူးပွင့်လှပ









### တစ်သက်တာစိတ်ချမ်းသာလိုလျှင် သစ်ပင်စိုက်ပါ

**"တစ်သက်တာစိတ်ချမ်းသာလိုလျှင် သစ်ပင်စိုက်ပါ"** ဆိုသည့် စကားနှင့်အညီ စိတ်ချမ်းသာ ကိုယ်ကျန်းမာစေရေးအတွက် လူတိုင်း လူတိုင်း သစ်ပင်စိုက်ပျိုးသင့်ပါသည်။ **"နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ ခုချိန်စိုက်က နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ"** ဟု ဆိုထားသဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကတည်းက သစ်ပင်များ စိုက်ပျိုးနိုင်ခဲ့လျှင် အကောင်းဆုံးဖြစ်သည်။ သို့သော် ယခုအချိန်သည်လည်း သစ်ပင်စိုက်ပျိုးရန် ဒုတိယအကြိမ် အကောင်းဆုံးအချိန်အခါဖြစ်ပါသည်။ လမ်းဘေးဝဲ၊ ယာ တစ်အုပ်တစ်မ စိုက်ပျိုးခြင်းမှသည် မိမိတို့ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်အသီးသီးရှိ ရနိုင်သမျှသော မြေနေရာများတွင် သင့်လျော်သည့် အပင်မျိုးစုံကို စိုက်ပျိုးခြင်းဖြင့် အပူချိန်လျော့ပါးသက်သာစေပြီး အေးမြသာယာစေခြင်း၊ မျက်စိပသာဒဖြစ်စေခြင်း၊ သာယာလှပစေခြင်း၊ ဒေသန္တရနှင့်ဒေသတွင်း ရာသီဥတုကို ထိန်းညှိပေးသဖြင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ခြင်း စသည့်အကျိုးကျေးဇူးများစွာ ခံစားနိုင်မည်ဖြစ်သည်။

### လမ်းဘေး ဝဲ ယာ သစ်ပင်စိုက်ပျိုးခြင်း

သစ်ပင်များစိုက်ပျိုးရာတွင် လတ်တလောအခြေအနေသာမက ရေရှည်အတွက်လည်း ထည့်သွင်းစဉ်းစားကာ ရည်ရွယ်ချက်အလိုက် ဒေသနှင့်ကိုက်ညီသော အပင်မျိုးကို စနစ်တကျရွေးချယ်စိုက်ပျိုးခြင်းဖြင့် ပိုမိုထိရောက်နိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် လမ်းဘေးဝဲ၊ယာတွင် စိုက်ပျိုးခြင်း၊ ကျေးရွာအနီး တစ်အုပ်တစ်မစိုက်ပျိုးခြင်း၊ သဘာဝ ဘေးအန္တရာယ်တားဆီးကာကွယ်ရန် ကမ်းရိုးတန်းဒေသတွင် လမုတော၊ ဒီရေတောများစိုက်ပျိုးခြင်း၊ လေကာတန်းပင်များ စိုက်ပျိုးခြင်း၊ ရေတိုက်စားခြင်းမှကာကွယ်ရန် တောင်ကုန်းတောင်တန်း၊ တောင်ထိပ်များတွင် စိုက်ပျိုးခြင်း၊ အပူပိုင်းဒေသတွင် အရိပ်ရအပင်များစိုက်ပျိုးခြင်း စသည်ဖြင့် စိုက်ပျိုးကြရာတွင် နေရာဒေသအလိုက်၊ ရည်ရွယ်ချက်အလိုက် စိုက်ပျိုးမည့် သစ်မျိုးမှန်ကန်စွာ ရွေးချယ်စိုက်ပျိုးခြင်းဖြင့် စိုက်ပင်များ ရှင်သန်အောင်မြင်မှုကောင်းပြီး အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သည်။

ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များ၏ ရထားလမ်း၊ ကားလမ်း၊ ကျေးရွာ/ခရိုင်ချင်းဆက်လမ်း အစရှိသဖြင့် လမ်းဘေး ဝဲ၊ ယာများတွင် စိုက်ပျိုးမည့် သစ်မျိုးများရွေးချယ်ရာ၌ ယေဘုယျအားဖြင့် အောက်ပါ အချက်အလက်များကို အခြေခံပြီးရွေးချယ်သင့်ပါသည်-

**အရွက်သေးသော အပင်မျိုးများ။** အရွက်များမှ ကျလာမည့် မိုးစက်၊ မိုးပေါက်များမှတစ်ဆင့် မြေဆီလွှာတိုက်စားခြင်းများ မဖြစ်စေရန် အရွက်သေးသော အပင်မျိုးများ ရွေးချယ်စိုက်ပျိုးခြင်းဖြစ်ပါသည်။

**ရွက်အုပ်ကြီးရှိသော အပင်မျိုးများ။** ရွက်အုပ်ကြီးသဖြင့် လမ်းဘေး အရိပ်အာဝါသကောင်းမွန်ပြီး ကျေးငှက်သာရကာများလည်း နားခိုနိုင်ပါသည်။ နွေရာသီအပူဒဏ်ကို ကောင်းစွာကာကွယ်ပေးနိုင်ပါသည်။

**အမြဲစိမ်းသော အပင်မျိုးများ။** တစ်နှစ်ပတ်လုံး ရာသီမရွေးစိမ်းလန်းနေသဖြင့် နွေရာသီအပူဒဏ်ကို ကောင်းစွာအကာအကွယ်ပေးခြင်း၊ စိမ်းလန်းစိုပြည်သာယာလှပခြင်း၊ မျက်စိပသာဒဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်ပါသည်။

**အကြမ်းခံသော အပင်မျိုးများ။** လမ်းဘေး ဝဲ၊ ယာ ဖြစ်သဖြင့် အစဉ်အမြဲပြုစုထိန်းသိမ်းရန် အကန့်အသတ်ရှိသဖြင့် ရာသီဥတုဒဏ်ခံနိုင်သော အပင်များဖြစ်ရန် လိုအပ်သကဲ့သို့ ကျွဲ၊ နွား၊ ဆိတ်များ၏ အန္တရာယ်၊ မီးနှင့် အခြားဖျက်ဆီးမှုများကို ခံနိုင်ရည်ရှိသော၊ ကြံ့ကြံ့ခံပြန်လည်ရှင်သန်နိုင်သော အပင်မျိုးများဖြစ်ရန် လိုအပ်ပါသည်။

**အမြစ်နက်ရှိုင်းစွာရှိသော အပင်မျိုးများ။** ရေတိုက်စားမှု၊ လေတိုက်စားမှုများကြောင့် လမ်းဘေး ဝဲ၊ ယာသစ်ပင်များ၏ အမြစ်များ မြေတွင်ပေါ်ပြီး အလွယ်တကူ သေကျေပျက်စီးခြင်းမရှိစေရန်၊ ရေနှင့်အစိုဓာတ်ရရှိရေးနှင့် လိုက်လျောညီထွေရှိစေရေး ရေသောက်မြစ်နက်ရှိုင်းစွာရှိသော အပင်မျိုးကို စဉ်းစားရွေးချယ်စိုက်ပျိုးသင့်ပါသည်။

**ရာသီအလိုက် ပန်းပွင့်သော အပင်မျိုးများ။** လမ်းဘေး ဝဲ၊ယာများတွင် စိုက်ပျိုးသည့် အပင်များသည် အရိပ်ကောင်းပြီး အေးမြစေရုံသာမက ရာသီအလိုက် ပန်းပွင့်သောအပင်များဖြစ်ပါက မျက်စိပသာဒကောင်းမွန်ပြီး ပတ်ဝန်းကျင် သာယာလှပနေမည်ဖြစ်ပါသည်။

**အကြီးမြန်အပင်မျိုးများ။** လမ်းဘေးဝဲ၊ ယာ အပင်များ စိုက်ပျိုးရာတွင် နေရာဒေသအပေါ် မူတည်ပြီး အပူချိန်လျော့ပါးသက်သာစေရေး၊ အရိပ်အာဝါသ ရရှိစေရေးတို့အတွက် အကြီးမြန်အပင်မျိုးများကိုလည်း ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ကာလတိုအတွင်း အစိမ်းရောင်အကျိုးကျေးဇူးများ ရရှိစေနိုင်ပါသည်။

**ဒေသမျိုးရင်းအပင်မျိုးများ။** ဒေသမျိုးရင်းသစ်မျိုးများသည် သက်ဆိုင်ရာ ဒေသတွင် သဘာဝအလျောက်ပေါက်ရောက်သည့် အပင်မျိုးများဖြစ်သည်နှင့်အညီ ရှင်သန်နိုင်မှု အလွန်ကောင်းမွန်ပြီး ဒေသ၏ ဂေဟစနစ်နှင့်လည်း အလွန်ပင်လိုက်လျောညီထွေရှိပါသည်။

### အပင်စရိုက်လက္ခဏာများ

လမ်းဘေးဝဲ၊ ယာတွင် စိုက်ပျိုးမှုအများဆုံး အပင်အချို့၏ ယေဘုယျ အပင်စရိုက်လက္ခဏာများကို အောက်ပါအတိုင်း တွေ့နိုင်ပါသည်-

| စဉ် | သစ်မျိုးများ | အပင်စရိုက်လက္ခဏာများ | မှတ်ချက် |
|---|---|---|---|
| ၁။ | ခါတော်မီ | အရွက်သေး၊ အမြဲစိမ်း၊ အမြစ်နက်ရှိုင်းစွာရှိ | မိုးနည်း (အအေးပိုင်းဒေသ) |
| ၂။ | စိန်ပန်းပြာ | အရွက်သေး၊ အမြဲစိမ်း၊ အမြစ်နက်ရှိုင်းစွာရှိ | မိုးနည်း (အအေးပိုင်းဒေသ) |
| ၃။ | ပန်းမဲဇလီ | အရွက်သေး၊ အမြဲစိမ်း၊ အကြမ်းခံ၊ အမြစ်နက်ရှိုင်းစွာရှိ၊ အကြီးမြန် | မိုးနည်း |
| ၄။ | မြန်မာကုက္ကို | အမြဲစိမ်း၊ အကြမ်းခံ၊ အကြီးမြန် | မိုးနည်း |
| ၅။ | ထနောင်း | အရွက်သေး၊ အကြမ်းခံ၊ အမြစ်နက်ရှိုင်းစွာရှိ၊ | မိုးနည်း |
| ၆။ | တမာ | အရွက်သေး၊ အမြဲစိမ်း၊ အကြမ်းခံ၊ အမြစ်နက်ရှိုင်းစွာရှိ | မိုးနည်း |
| ၇။ | မန်ကျည်းရှား | အမြဲစိမ်း၊ အကြီးမြန် | မိုးများ |
| ၈။ | ခရေ | အရွက်သေး၊ အမြဲစိမ်း၊ အမြစ်နက်ရှိုင်းစွာရှိ | မိုးများ |
| ၉။ | မအူလက်တံရှည်၊ မအူ | အမြဲစိမ်း၊ အကြမ်းခံ၊ အကြီးမြန် | မိုးများ |
| ၁၀။ | သဘော်ကုက္ကို | အမြဲစိမ်း၊ အကြမ်းခံ၊ အကြီးမြန် | မိုးများ |
| ၁၁။ | မဟော်ဂနီ | အမြဲစိမ်း၊ အကြီးမြန်၊ အမြစ်နက်ရှိုင်းစွာရှိ | မိုးများ |
| ၁၂။ | ပျဉ်းမ | အမြဲစိမ်း၊ အမြစ်နက်ရှိုင်းစွာရှိ၊ အကြမ်းခံ | မိုးနည်း/မိုးများ |
| ၁၃။ | စိန်ပန်းကြီး(အနီ) | အရွက်သေး၊ အမြစ်နက်ရှိုင်းစွာရှိ၊ အကြမ်းခံ၊ | မိုးနည်း/မိုးများ |
| ၁၄။ | ရေတမာ (သဘော်တည်) | အရွက်သေး၊ အမြဲစိမ်း၊ အမြစ်နက်ရှိုင်းစွာရှိ | မိုးနည်း/မိုးများ |
| ၁၅။ | ဆီသပြေ | အရွက်သေး၊ အမြဲစိမ်း၊ အမြစ်နက်ရှိုင်းစွာရှိ | မိုးနည်း/မိုးများ |
| ၁၆။ | ယူကလစ် | အရွက်သေး၊ အမြဲစိမ်း၊ အမြစ်နက်ရှိုင်းစွာရှိ | မိုးနည်း/မိုးများ |

### လိုက်နာဆောင်ရွက်သင့်သည့်အချက်များ

လမ်းဘေးဝဲ၊ ယာသစ်ပင်စိုက်ပျိုးရာတွင် အောက်ပါအချက်များကို ကြိုတင်ပြင်ဆင် လိုက်နာဆောင်ရွက်ခြင်းဖြင့် ရှင်သန်မှု၊ အောင်မြင်မှု ပိုမိုကောင်းမွန်မည်ဖြစ်ပါသည်-

- စိုက်ပျိုးမည့်ပျိုးပင်များသည် ပျိုးသက် ၂ နှစ်ရှိပြီး အပင်အမြင့် ၂ ပေနှင့်အထက်ရှိသည့် ကြံ့ခိုင်သန်စွမ်းသော အပင်များကို စိုက်ပျိုးခြင်း၊
- စိုက်ပျိုးမည့်ပျိုးပင်အရွယ်အစားနှင့် ကိုက်ညီသည့် ( ၂ ပေ × ၂ ပေ × ၁ ပေ )၊ ( ၃ ပေ × ၃ ပေ× ၁ ပေ)၊ ( ၆ ပေ× ၃ ပေ × ၁ ပေ) ကျင်းအရွယ်အစားတူးပြီး စိုက်ပျိုးခြင်း၊
- အထူးသဖြင့် အပူပိုင်းဒေသ၌ မိုးရေချိန်နည်း၍ ရေပိုမိုသိုမှီးထားနိုင်ရန်အတွက် အလျား ၄ ပေ × ၁ ပေ × ၁ ပေ၊ ချက်ကျင်း ၁ ပေ အရွယ်ကျင်းတူးစိုက်ပျိုးခြင်း၊ အဆိုပါကျင်းများ အတွင်းသို့ ရောစပ်ထားသော မြေဆွေးများ ထည့်ပေးခြင်း၊
- ပျိုးအိတ်ကြီးဖြင့် ပျိုးထောင်ထားသော အပင်ကြီးများကို စိုက်ပျိုးမည်ဆိုပါက ကျင်းအနက်ကို လိုအပ်ချက်အတိုင်း ကျင်းတူးစိုက်ပျိုးခြင်း၊
- ရေဝပ်သည့်နေရာများတွင် အပင်ခြေရင်း၌ မြေများများစုပုံ (Mound) ပြုလုပ်ပြီး စိုက်ပျိုးခြင်း၊
- စိုက်ပျိုးမည့် မြေနေရာရှိ မြေမကောင်းမွန်ပါက အစားထိုးမြေဆွေး၊ နွားချေး၊ သဲများ စသည့်သွင်းအားစုများထည့်ပြီး စိုက်ပျိုးခြင်း၊
- မစိုက်ပျိုးခင် ပျိုးပင်ကြံ့ခိုင်အောင် Hardening Process (အမြစ်ဖြတ်၊ အပင်ချဲ၊ အရွယ်ညီစီ၊ အမိုးလှပ်၊ ရေဖြတ်ခြင်းများ) ဆောင်ရွက်ခြင်း၊

သစ်ပင်စိုက်ပျိုးခြင်းသည် မခက်ခဲသော်လည်း သတိမမူဘဲ အမှတ်တမဲ့ စိုက်ပျိုးသောအခါ ပျိုးပင်များ ပျက်စီးဆုံးရှုံးခြင်း၊ ပျိုးပင်အတွက် စိုက်ထုတ်ခဲ့ရသော အချိန်၊ ငွေ၊ လုပ်အားများ ဆုံးရှုံးခြင်းများရှိသဖြင့် ပျိုးအိတ်မှ မြေပြင်တွင် သစ်ပင်ချစိုက်သောအခါ အောက်ဖော်ပြပါ အချက်များကို အလေးထားဆောင်ရွက်ခြင်းဖြင့် အပင်များရှင်သန်မှုရာခိုင်နှုန်း ပိုမိုကောင်းမွန်စေမည်ဖြစ်ပါသည်-

စာမျက်နှာ ၁၃ သို့ ➤

➤ စာမျက်နှာ ၁၂ မှအဆက်

- မြေဆီစိုချိန် အချိန်ကိုက် စနစ်တကျ သစ်ပင်စိုက်ပျိုးခြင်း၊
- စိုက်ပျိုးသည့်အခါတွင် ကျင်းအတွင်းသို့ ပျိုးပင်မြေလုံးမကွဲဘဲ ရောက်ရှိစေရန် ပျိုးအိတ်ကို သေချာစွာခွဲ၍ လက်နှစ်ဖက်ဖြင့် သေချာစွာ ဆုပ်ညှစ်ဆောင်ရွက်ခြင်း၊
- ပလတ်စတစ်အိတ်ကို သေချာစွာချွတ်ပြီး မြေလုံးမကွဲစေရန် ဂရုစိုက် ဆောင်ရွက်ခြင်း၊
- အသင့်တူးထားသော မြေကျင်းထဲသို့ ပလတ်စတစ်ချွတ်ထားသော ပျိုးပင်ကို မြေလုံးမကွဲစေဘဲ ကျင်းထဲသို့ထည့်ခြင်း၊
- စိုက်ပျိုးထားသော အပင်များအား တည့်မတ်နေစေရန် လိုအပ်လျှင် ပန္နက်တိုင်နှင့် ချည်နှောင်ထားခြင်း၊
- စိုက်ပျိုးထားသော အပင်များအား လေဟာမနေစေရန် စိုက်ပင်ဘေးမှ ပြန်ဖို့သောမြေကို လက်နှစ်ဖက်ဖြင့် သေချာစွာဖိပေးခြင်း၊
- လေတိုက်သည့်ဒဏ်ခံနိုင်ရန်၊ အပင်တည့်မတ်ရန် အပင်အမြင့်နှင့် လျော်ညီသော ထောက်တိုင်ထောက်ပေးခြင်း၊
- အပင်စိုက်ပျိုးပြီးလျှင် ပေါင်းသင်ခါးဆွခြင်း၊ လိုအပ်ပါက ရေလောင်းခြင်း၊ မီးကာကွယ်ခြင်း၊ လူ၊ ကျွဲ၊ နွား တိရစ္ဆာန်များ၏ ဖျက်ဆီးမှုမှ ကာကွယ်နိုင်စေရေး Tree Guard ပြုလုပ်ခြင်း စသည့် ပြုစုစောင့်ရှောက်မှုများ ပုံမှန်ပြုလုပ်ခြင်း၊
- တစ်ပင်ချင်း အကာအရံ ပြုလုပ်နိုင်ပါက အကောင်းဆုံးဖြစ်သော်လည်း ကုန်ကျစရိတ်ကြီးမားသဖြင့် တစ်အုပ်တစ်မ စိုက်ပျိုးထားသော နေရာများတွင် ခြံစည်းရိုးသဖွယ်စိုက်၍ ခတ်ပေးထားခြင်း၊
- ဓာတ်တိုင်များအောက်နှင့် လမ်းနယ်နိမိတ်အတွင်း စိုက်ပျိုးခြင်း မပြုဘဲ အဆိုပါနေရာများမှလွတ်သည့် နေရာတွင်သာ စိုက်ပျိုးခြင်း၊
- လမ်းဘေးဝဲ၊ ယာရှိ အပင်ကြီးများအောက်တွင် အပင်ငယ်များ စိုက်ပျိုးခြင်းကို ရှောင်ရှားခြင်း၊
- လမ်းဘေးဝဲ၊ ယာရှိ သင့်လျော်သည့် မြေကွက်လပ်များရှိပါက နေရာပေါ်မူတည်ပြီး အပင်တန်း ၅ တန်း၊ ၁၀ တန်း စသည်ဖြင့် Zip Zag ပုံစံဖြင့် တစ်အုပ်တစ်မစိုက်ခင်း (Wood Lot) အဖြစ် စိုက်ပျိုးခြင်းဖြင့် အရိပ်ပိုမိုရရှိပြီး စိမ်းလန်းစိုပြည်စေမည်ဖြစ်သည်။ သစ်မျိုးတစ်မျိုးတည်းရွေးချယ်စိုက်ပျိုးခြင်းထက် နေရာ၊ မြေမျက်နှာသွင်ပြင်၊ ရာသီဥတုအခြေအနေအလိုက် သစ်ပင်မျိုးစုံ စိုက်ပျိုးပါက မျက်စိပသာဒနှင့် ပတ်ဝန်းကျင်အတွက် သင့်လျော်ကောင်းမွန်ပါသည်။ ရာသီအလိုက်ပန်းပွင့်သောဒေသ၏ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့် အပင်မျိုးများဖြစ်ပါက ရောင်စုံပန်းများဖြင့် မျက်စိပသာဒပိုမိုကောင်းမွန်ပြီး ပတ်ဝန်းကျင် သာယာလှပစေပါသည်။
- ရွေးချယ်စိုက်ပျိုးသည့် အပင်၏ နောင်တွင် ဖြစ်ပေါ်လာနိုင်သော ရွက်အုပ်အခြေအနေနှင့် လမ်းအမျိုးအစားအပေါ်မူတည်ပြီး ပန္နက်အကွာအဝေး ချိန်ဆစိုက်ပျိုးသင့်ပါသည်။

**ရောင်စုံပန်းဖူးပွင့်သောအပင်များ**

မိမိတို့၏ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များ၏ ရထားလမ်း၊ ကားလမ်း၊ ကျေးရွာ/ခရိုင်ချင်းဆက်လမ်း အစရှိသဖြင့် လမ်းဘေး ဝဲ၊ ယာများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ရုံးများ၊ အိမ်ခြံဝင်းများ စသည့် နေရာအသီးသီးတွင် အပင်များစိုက်ပျိုးရာတွင် ရာသီအလိုက် ဖူးပွင့်ဝေဆာသည့် အောက်ဖော်ပြပါ အပင်များကို ဒေသအလိုက် ရွေးချယ်စိုက်ပျိုးနိုင်ပါသည်-

**ခရေ (Mimusops elengi L.)** ကို အင်္ဂလိပ်အမည် Star flower tree, Spanish cherry ဟု ခေါ်သည်။ မူရင်းဒေသမှာ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံတွင် နေရာအနှံ့အပြား ပေါက်ရောက်သည်။ ပန်းပွင့်မှာ နို့နှစ်ရောင်ဖြစ်သည်။ အမြဲစိမ်း အပင်ကြီးမျိုးဖြစ်၍ အမြင့်ပေ ၄၀ မှ ပေ ၆၀ ထိမြင့်သည်။ သက်တမ်း ၂၀ နှစ်သားအရွယ်တွင် ရွက်အုပ်အချင်းမှာ ပေ ၂၀ ခန့်ရှိသည်။ ဘုရားကျောင်းကန်ပရဝဏ်အတွင်းနှင့် ပန်းခြံဥယျာဉ်များတွင် အမြဲစိမ်း အရိပ်ရပင်အဖြစ်လည်းကောင်း၊ လမ်းဘေးဝဲ၊ ယာ အရိပ်ရပင်အဖြစ်လည်းကောင်း စိုက်ပျိုးကြပြီး အပွင့်ကို ဆေးဖက်ဝင်အဖြစ်လည်း အသုံးပြုကြသည်။

**ကံ့ကော် (Mesua ferrea L.)** ကို အင်္ဂလိပ်အမည် Ceylon ironwood, cobra saffron ဟု ခေါ်သည်။ မူရင်းဒေသမှာ အိန္ဒိယ၊ ဘူတန်၊ နီပေါ၊ မြန်မာ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှားနိုင်ငံတို့ဖြစ်ကြပြီး မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ပေါက်ရောက်သည်။ ပန်းပွင့်မှာ အဖြူရောင်ဖြစ်သည်။ အမြဲစိမ်းအပင်ကြီးမျိုးဖြစ်၍ အမြင့်ပေ ၉၀ မှ ပေ ၁၂၀ ထိ မြင့်သည်။ သက်တမ်း ၃၀ နှစ်သားအရွယ်တွင် ရွက်အုပ်အချင်းမှာ ပေ ၂၀ ခန့်ရှိသည်။ ဘုရားကျောင်းကန်ပရဝဏ်အတွင်းနှင့် ပန်းခြံ၊ ဥယျာဉ်များတွင် အမြဲစိမ်းအရိပ်ရပင်အဖြစ်လည်းကောင်း၊ လမ်းဘေးဝဲ၊ ယာ အရိပ်ရပင်အဖြစ်လည်းကောင်း စိုက်ပျိုးကြပြီး အပွင့်ကို ဆေးဖက်ဝင်အဖြစ်လည်း အသုံးပြုကြသည်။

**စိန်ပန်းနီ (Delonixregia (Bojer exHook.) Raf.)** အင်္ဂလိပ်အမည် Flamboyant, Gold mohur, Royal Poinciana, Flame tree ဟု ခေါ်သည်။ မူရင်းဒေသမှာ မဒါဂတ်စကာဖြစ်ပြီး မြန်မာနိုင်ငံတွင် ကောင်းစွာ စိုက်ပျိုးရှင်သန်လျက်ရှိသည်။ လမ်းဘေးဝဲ၊ယာ အလှစိုက်ပင်ဖြစ်သည်။ ပန်းပွင့်မှာ အနီရောင်ဖြစ်သည်။ အကြီးမြန်၍ ရွက်ကြွေအပင်ကြီးမျိုးဖြစ်ပြီး အမြင့်ပေ ၄၀ မှ ပေ ၆၀ ထိ မြင့်သည်။ သက်တမ်း ၃၀ နှစ်သားအရွယ်တွင် ရွက်အုပ်အချင်းမှာ ၃၅ ပေခန့်ရှိသည်။ ပန်းခြံ၊ ဥယျာဉ်နှင့် လမ်းဘေးဝဲ၊ ယာတို့တွင် အလှစိုက်ပင်အဖြစ် အသုံးပြုကြသည်။ အသီးနှင့် အသားကို ထင်းလောင်စာအဖြစ်လည်းကောင်း၊ အခေါက်ကို ဆေးဖက်ဝင်အဖြစ်လည်းကောင်း အသုံးပြုကြသည်။

**ငုရွှေဝါ (Cassia fistula L.)** အင်္ဂလိပ်အမည် Golden shower, Indian laburnum ဖြစ်သည်။ မူရင်းဒေသမှာ အိန္ဒိယ၊ မြန်မာ၊ ထိုင်း၊ သီရိလင်္ကာနှင့် ပါကစ္စတန်နိုင်ငံတို့ဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း နေရာဒေသများစွာတွင် ပေါက်ရောက်သည်။ အပွင့်မှာ အဝါရောင်ဖြစ်သည်။ ရွက်ကြွေအပင်လတ်မျိုးဖြစ်၍ အမြင့်ပေ ၃၀ မှ ပေ ၆၀ ထိ မြင့်သည်။ သက်တမ်း ၂၀ နှစ်သားတွင် ရွက်အုပ်အချင်းမှာ ၁၅ ပေခန့်ရှိသည်။ ပန်းခြံ၊ ဥယျာဉ်နှင့် လမ်းဘေး ဝဲ၊ ယာ တို့တွင် အလှစိုက်ပင်အဖြစ်လည်းကောင်း၊ အခေါက်နှင့်အသီးကို ဆေးဖက်ဝင်အဖြစ်လည်းကောင်း အသုံးပြုကြသည်။

**ပျဉ်းမ (Lagerstroemia speciosa (L.) Pers.)** အင်္ဂလိပ်အမည် Queen Crape Myrtle ဖြစ်သည်။ မူရင်းဒေသမှာ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ နီပေါ၊ ဘူတန်၊ မော်လဒိုက်၊ သီရိလင်္ကာနိုင်ငံတို့ဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း နေရာဒေသများစွာတွင် ပေါက်ရောက်သည်။ ပန်းပွင့်မှာ ပန်းခရမ်းပြာရောင်ဖြစ်သည်။ ရွက်ကြွေအပင်လတ်မျိုးဖြစ်၍ အမြင့်ပေ ၃၀ မှ ၄၅ ပေထိ မြင့်သည်။ သက်တမ်း ၂၀ နှစ်သားအရွယ်တွင် ရွက်အုပ်အချင်းမှာ ပေ ၄၀ ခန့်ရှိသည်။ ပန်းခြံ၊ ဥယျာဉ်များနှင့် လမ်းဘေးဝဲ၊ ယာတို့တွင် အလှစိုက်ပင်အဖြစ် အသုံးပြုကြပြီး သစ်သားကို အဆောက်အအုံအမျိုးမျိုးနှင့် လှေအမျိုးမျိုး၊ တံတားများ၊ သင်္ဘောကုန်းပတ်များ၊ လှည်းများနှင့် ပရိဘောဂပစ္စည်းများ၊ ဆေးဖက်ဝင်အဖြစ် အရွက်၊ အခေါက်၊ အစေ့တို့ကို အသုံးပြုကြသည်။

**ပန်းမဲဇလီ (Peltophorum pterocarpum (DC.) Back. ex K. Heyne)** အင်္ဂလိပ်အမည် Rusty shield bearer, yellow flame tree ဖြစ်သည်။ မူရင်းဒေသမှာ အရှေ့တောင်အာရှနိုင်ငံများနှင့် ဩစတြေးလျနိုင်ငံမြောက်ပိုင်း၊ ပါပူအာနယူးဂီနီ၊ သီရိလင်္ကာနိုင်ငံတို့ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးပင်ဖြစ်သည်။ ပန်းပွင့်မှာ အဝါရောင်ဖြစ်သည်။ အကြီးမြန် ရွက်ကြွေအပင်လတ်မျိုးဖြစ်၍ အမြင့်ပေ ၃၀ မှ ပေ ၄၀ ထိ မြင့်သည်။ သက်တမ်း ၁၅ နှစ်သားအရွယ်တွင် ရွက်အုပ်အချင်းမှာ ၂၀ ပေခန့်ရှိသည်။ ပန်းခြံ၊ ဥယျာဉ်များနှင့် လမ်းဘေးဝဲ၊ ယာတို့တွင် အလှစိုက်ပင်အဖြစ်လည်းကောင်း၊ အကြီးမြန်၍ ရွက်အုပ်ကြီးမားကျယ်ပြန့်သည့် အမြဲစိမ်းအရိပ်ရပင်အဖြစ်လည်းကောင်း စိုက်ပျိုးကြသည်။

**ပန်းပိတောက် (Pterocarpus indicus Willd.)** အင်္ဂလိပ်အမည် Pashu-padauk, Malay padauk ဖြစ်သည်။ မူရင်းဒေသမှာ အရှေ့တောင်အာရှနိုင်ငံများနှင့် ဩစတြေးလျနိုင်ငံမြောက်ပိုင်း၊ ပါပူအာနယူးဂီနီ၊ တရုတ်နိုင်ငံတောင်ပိုင်းတို့ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးပင်ဖြစ်သည်။ ပန်းပွင့်မှာ အဝါရောင်ဖြစ်သည်။ အကြီးမြန် ရွက်ကြွေအပင်ကြီးမျိုးဖြစ်၍ အမြင့်ပေ ၉၀ မှ ပေ ၁၂၀ ထိ မြင့်သည်။ သက်တမ်း ၂၅ နှစ်သားအရွယ်တွင် ရွက်အုပ်အချင်းမှာ ပေ ၂၀ ခန့်ရှိသည်။ ပန်းခြံ၊ ဥယျာဉ်များနှင့် လမ်းဘေးဝဲ၊ ယာတို့တွင် အလှစိုက်ပင်အဖြစ်လည်းကောင်း၊ အမြဲစိမ်းအရိပ်ရပင်အဖြစ်လည်းကောင်း စိုက်ပျိုးကြသည်။

**ငုစပ်ကြီး၊ ငုပတ္တမြား (Cassia grandis L. f.)** အင်္ဂလိပ်အမည် Horse cassia, Pink shower ဖြစ်သည်။ မူရင်းဒေသမှာ တောင်အမေရိကတိုက် - ဘရာဇီး၊ ပီရူး၊ ဘိုလီဗီးယားနှင့် အမေရိကတိုက် အလယ်ပိုင်း မက္ကဆီကိုနိုင်ငံတို့ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးပင်ဖြစ်သည်။ အကြီးမြန်ရွက်ကြွေအပင်လတ်မျိုးဖြစ်၍ အမြင့်ပေ ၄၀ မှ ပေ ၆၀ ထိမြင့်သည်။ သက်တမ်း ၁၅ နှစ်သားအရွယ်တွင် ရွက်အုပ်အချင်းမှာ ၁၅ ပေခန့်ရှိသည်။ ပန်းပွင့်မှာ အဖြူရောင်သန်းသော ပန်းရောင်ဖြစ်သည်။ ပန်းခြံ၊ ဥယျာဉ်များနှင့် လမ်းဘေးဝဲ၊ယာ တို့တွင် အလှစိုက်ပင်အဖြစ် စိုက်ပျိုးကြသည်။

**ငုစပ်၊ ငုသိမ် (Cassia javanica L.)** အင်္ဂလိပ်အမည် Pink cassia, Pink shower, White shower ဖြစ်သည်။ မူရင်းဒေသမှာ အရှေ့တောင်အာရှနိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးပင်ဖြစ်သည်။ ပန်းပွင့်မှာ အဖြူရောင်သန်းသော ပန်းရောင်ဖြစ်သည်။ အကြီးမြန် ရွက်ကြွေအပင်လတ်မျိုးဖြစ်၍ အမြင့်ပေ ၄၀ မှ ပေ ၆၀ ထိ မြင့်သည်။ သက်တမ်း ၁၅ နှစ်သားအရွယ်တွင် ရွက်အုပ်အချင်းမှာ ၁၀ ပေခန့်ရှိသည်။ ပန်းခြံ၊ ဥယျာဉ်များနှင့် လမ်းဘေးဝဲ၊ ယာတို့တွင် အလှစိုက်ပင်အဖြစ် စိုက်ပျိုးကြသည်။

**စွယ်တော် (Bauhinia purpurea L.)** အင်္ဂလိပ်အမည် Butterfly tree, Hawaiian orchid tree ဖြစ်သည်။ မူရင်းဒေသမှာ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့ဖြစ်သည်။ မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် ပေါက်ရောက်သည်။ ပန်းပွင့်မှာ ပန်းခရမ်းရောင်ဖြစ်သည်။ ရွက်ကြွေအပင်လတ်မျိုးဖြစ်၍ အမြင့်ပေ ၃၀ မှ ၄၅ ပေထိ မြင့်သည်။ သက်တမ်း ၂၀ နှစ်သားအရွယ်တွင် ရွက်အုပ်အချင်းမှာ ပေ ၄၀ ခန့်ရှိသည်။ ပန်းခြံ၊ ဥယျာဉ်များနှင့် လမ်းဘေးဝဲ၊ ယာတို့တွင် အလှစိုက်ပင်အဖြစ် စိုက်ပျိုးကြသည်။

**ကျူးလစ် (Spathodea campanulata P. Beauv.)** အင်္ဂလိပ်အမည် African tulip tree ဖြစ်သည်။ မူရင်းဒေသမှာ အာဖရိက အနောက်ပိုင်းဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးပင်ဖြစ်သည်။ ပန်းပွင့်မှာ အနီရောင်သန်းသော လိမ္မော်ရောင်ဖြစ်သည်။ အကြီးမြန်၍ အမြဲစိမ်း အပင်လတ်မျိုးဖြစ်ပြီး အမြင့်ပေ ၃၀ မှ ပေ ၆၀ ထိ မြင့်သည်။ သက်တမ်း ၂၀ နှစ်သားအရွယ်တွင် ရွက်အုပ်အချင်းမှာ ၃၀ ပေခန့်ရှိသည်။ ပန်းခြံ၊ ဥယျာဉ်နှင့် လမ်းဘေးဝဲ၊ ယာ အလှစိုက်ပင်အဖြစ် အသုံးပြုကြသည်။

**သပြေဘူတ (Tabebuia aurea (Sliva Manso) Benth. & Hook. f. ex S. Moore)** အင်္ဂလိပ်အမည် Silver trumpet tree, Tree of gold ဟု ခေါ်သည်။ မူရင်းဒေသမှာ ဘရာဇီး၊ ပါရာဂွေး၊ ဘိုလီဗီးယား၊ ပီရူး၊ အာဂျင်တီးနားနိုင်ငံတို့ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးပင်ဖြစ်သည်။ လမ်းဘေးဝဲ၊ယာ အလှစိုက်ပင်ဖြစ်ပြီး ရွက်ကြွေအပင်လတ်မျိုးဖြစ်၍ အမြင့် ၁၅ ပေမှ ၂၅ ပေထိ မြင့်သည်။ သက်တမ်း ၁၅ နှစ်သားအရွယ်တွင် ရွက်အုပ်အချင်းမှာ ၁၅ ပေခန့်ရှိသည်။ ပန်းပွင့်မှာ အဝါရောင်ဖြစ်သည်။ ပန်းခြံ၊ ဥယျာဉ်နှင့် လမ်းဘေးဝဲ၊ ယာတို့တွင် အလှစိုက်ပင်အဖြစ် အသုံးပြုကြသည်။

**စိုက်ပျိုးပင်တိုင်း ရှင်သန်အောင်မြင်ရေး**

စိုက်ပျိုးသောအပင်များ ဖြစ်ထွန်းအောင်မြင်စေရန်အတွက် **"မျိုး၊ မြေ၊ ရေ၊ နည်း"** သည် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည်။ စိုက်ပျိုးပင်များ ရှင်သန်အောင်မြင်စေဖို့အတွက် နေရာဒေသနှင့် ကိုက်ညီမည့် သစ်မျိုးမှန်ကန်စွာရွေးချယ်မှု၊ စိုက်ပျိုးမည့်မြေနေရာကို စနစ်တကျ မြေပြုပြင်ဆောင်ရွက်မှု၊ မြေအစိုဓာတ်လုံလောက်စွာ ရရှိမှု၊ စိုက်ပျိုးနည်းစနစ် မှန်ကန်မှုတို့သည် အဓိကကျသည်။ ထို့ပြင် အောင်လုံသော သစ်စေ့များနှင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်ပျိုးထောင်မှု၊ ပျိုးပင်များ ကြံ့ခိုင်သန်းစွမ်းမှု၊ နေရာဒေသအပေါ်မူတည်၍ စိုက်မည့်ကျင်းအရွယ်အစား မှန်ကန်မှု၊ ပန္နက်အကွာအဝေးနှင့် စိုက်ပျိုးနည်းစနစ် မှန်ကန်မှု၊ မြေဆီအာဟာရ ပြည့်ဝစေရန်အတွက် လိုအပ်သည့် သွင်းအားစုများ ထည့်သွင်းမှုတို့ကို အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်သည်။ စိုက်ပျိုးပြီး နောက်ပိုင်းတွင်လည်း ရာသီအလိုက် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများဖြစ်သည့် မြေဆွခြင်း၊ ပေါင်းရှင်းခြင်း၊ မီးကာကွယ်ခြင်း၊ မြေစိုဓာတ်ထိန်းသိမ်းခြင်း၊ ကျွဲ၊ နွား တိရစ္ဆာန်များ ဖျက်ဆီးခြင်းမရှိစေရန် ကာကွယ်ခြင်းစသည့် ပြုစုထိန်းသိမ်းမှုလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ကြမှသာ စိုက်သမျှအပင်များ ကောင်းမွန်စွာရှင်သန်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။ ။

**သစ်တောမောင်**

ရန်ကုန်  မေ  ၁၄

# ပိဋကတ်ဘာသာပြန်စာတည်းကော်မတီအဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တွေ့ဆုံ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဆရာတော်ကြီးအားဖူးမြော်ကြည်ညိုပြီး သာသနိကအဆောက်အဦများကြည့်ရှုစစ်ဆေး

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)မှ ရဟန်းတော်များ၊ ပိဋကတ် ဘာသာပြန်စာတည်းကော်မတီအဖွဲ့မှ တာဝန်ရှိသူများနှင့် ယနေ့မွန်းလွဲပိုင်းတွင် ကမ္ဘာအေးကုန်းမြေရှိ ပိဋကတ်တိုက်အဆောက်အဦ ဗုဒ္ဓသုတေသနစာကြည့်တိုက်၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပိဋကသုံးပုံ အင်္ဂလိပ်ဘာသာပြန် စိစစ်တည်းဖြတ်ရေးလုပ်ငန်းသည်ခက်ခဲနက်နဲပြီး အချိန်အတိုင်းအတာတစ်ခုဖြင့် ဆောင်ရွက်ရသည်ဖြစ်၍ ထွက်ရှိလာသော ဘာသာပြန်ကျမ်းစာအုပ်များသည် လွန်စွာအဖိုးတန်ပါကြောင်း၊ ပိဋကသုံးပုံတွင် ပါဠိတော်အုပ်ရေ ၄၀ ရှိပြီး ကျမ်းအားဖြင့် ၅၃ ကျမ်းရှိသည့်အနက် ကျမ်း၂၇ ကျမ်းမှ အင်္ဂလိပ်ဘာသာပြန် ၂၅ အုပ်ထုတ်ဝေထားပါကြောင်း၊ အဆိုပါစာအုပ် ၂၅ အုပ်သည် အရွယ်အစားအမျိုးမျိုးဖြစ်နေပြီး စာအုပ် ၁၆ အုပ်သည်လည်း Soft Copy မရှိသည့်အတွက် နောင်စာအုပ်ထုတ်ဝေရာတွင် စာအုပ်ဆိုဒ်များ ဆဋ္ဌမူဆိုဒ်နှင့် တစ်ပြေးညီဖြစ်စေရေး Optical Character Recognition Software ဖြင့် Soft Copy ရရှိရေးအတွက် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့မှ သာသနာပြုတာဝန်ထမ်းဆောင်နေသော ရဟန်းတော်တို့၏ ဝိုင်းဝန်းဆောင်ရွက်ပေးမှုဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုတည်းဖြတ်ပြီးသည့် ကျမ်း ၆ ကျမ်းကို စာအုပ်ထုတ်ဝေနိုင်ရေး တည်းဖြတ်ဆဲ ကျမ်း ၃ ကျမ်းနှင့် တည်းဖြတ်ရန်ကျန် ကျမ်း ၉ ကျမ်းတို့ကို ပိဋကတ်ဘာသာပြန် စာတည်းကော်မတီမှ စိစစ်တည်းဖြတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ ဘာသာပြန်ဆိုရန်ကျန်ရှိသေးသည့် ကျမ်း ၈ ကျမ်းကို ဘာသာပြန်ဆိုနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် လျှောက်ထားသည်။

ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ပိဋကသုံးပုံ အင်္ဂလိပ်ဘာသာပြန်လုပ်ငန်းများ လက်ရှိဆောင်ရွက်နေမှု၊ တည်းဖြတ်ပြီးသည့် ကျမ်း ၆ ကျမ်းကို စာအုပ်ထုတ်ဝေနိုင်ရေး၊ တည်းဖြတ်ဆဲ ကျမ်း ၁၂ ကျမ်းကို ပြီးစီးအောင်ဆောင်ရွက်ရေး၊ Soft Copy မရှိသည့် စာအုပ် ၁၆ အုပ်ကို Soft Copy ရရှိရေး၊ ထုတ်ဝေပြီးစာအုပ်များထဲမှ အရွယ်အစားမညီသည့် စာအုပ်များကို ဆဋ္ဌမူစာအုပ်အရွယ်အစား ပြောင်းလဲရေးနှင့် ဘာသာမပြန်ရသေးသည့် ကျမ်း ၈ ကျမ်းကို ဘာသာပြန်နိုင်ရေး စသည့်လုပ်ငန်းစဉ်များကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ဆွေးနွေးပွဲသို့တက်ရောက်လာကြသူများက လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရဟန်းတော်များကို နဝကမ္မအလှူတော်ငွေများဆက်ကပ်လှူဒါန်းကာ ပညာရှင်ဆရာ၊ ဆရာမကြီးများကို အလှူငွေများပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းဌာနသို့ ရောက်ရှိပြီး ပါမောက္ခချုပ်ဆရာတော်ကြီး အမှူးပြုသော ဒုတိယပါမောက္ခချုပ် ဆရာတော်များနှင့် မော်ကွန်းထိန်းဆရာတော်တို့ကို ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရက ပိဋကသုံးပုံဘာသာပြန် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းနှင့် အဋ္ဌကထာ၊ ဋီကာစာအုပ်များ ပြန်လည်ဆောင်ရွက်ရာတွင် ဆဋ္ဌမူအတိုင်း မူရင်းမပျက်ဘာသာပြန်ဆိုနိုင်ရေး၊ စာလုံးပေါင်းသတ်ပုံမှန်ကန်ရေး၊ ဝေါဟာရအသုံးအနှုန်း ဆီလျော်မှန်ကန်မှုရှိစေရေး၊ တည်းဖြတ်သည့်အဖွဲ့များအနေဖြင့် သေချာစိစစ်၍ အလေးထားဆောင်ရွက်ရန် ဩဝါဒမြွက်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပါမောက္ခချုပ်ဆရာတော်ကြီး အမှူးပြုသော ဆရာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ပရိဝုဏ် ဟံသာသီရိကုန်းမြေသို့ရောက်ရှိပြီး ဆရာတော်ကြီးများ သီတင်းသုံး တည်းခိုဆောင်များဖြစ်သည့် ရွှေဟင်္သာကျောင်းဆောင်၊ ဦးထွန်းကြည်ကျောင်းဆောင်၊ စိန်ရတုကျောင်းဆောင်၊ မင်းလှကျောင်းဆောင်၊ သူရဦးထွန်းတင်ကျောင်းဆောင်နှင့် ကပ္ပိယကျောင်းဆောင်များ ပြုပြင်တည်ဆောက်ပြီးစီးမှု၊ ကားပါကင်၊ ဂါလန် ၁၀၀၀၀ ဆံ့ ရေလှောင်ကန် ဆောင်ရွက်ထားမှုနှင့် ခြံစည်းရိုးအုတ်တံတိုင်း ကာရံထားရှိမှု၊ ပြင်ပလျှပ်စစ်မီးနှင့်အခြားဆက်စပ်လုပ်ငန်းများ၊ မြေပြုပြင်ခြင်းနှင့် မြေယာရှင်းလင်းလုပ်ငန်းများပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ အရည်အသွေးကောင်းမွန်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံ အသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV-HD)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ၁၇-၅-၂၀၂၄ ရက် (သောကြာနေ့)ညတွင် ကဆုန်လပြည့်(ဗုဒ္ဓနေ့) အထိမ်းအမှတ်အဖြစ် ကဆုန်လဖွဲ့တေးသီချင်းများကို မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များစုပေါင်း၍ **"မေတ္တာလွှမ်းခြုံ လကဆုန်"** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်-

**(၁၇-၅-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ဇမ္ဗူဒီပါ | ဌာနအဆိုရှင် |
| ၂။ | မင်္ဂလာဆုတောင်း | ပြင်ပအဆိုရှင် |
| ၃။ | သီတာရတနာ/သီရိရတနာ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၄။ | အန္တရာယ်ကင်း | ပြင်ပအဆိုရှင် |
| ၅။ | ပွဲခါညောင်ရေ | ပြင်ပအဆိုရှင် |
| ၆။ | ကဆုန်လပြည့်ဗုဒ္ဓနေ့ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၇။ | ပါရမီတော် | ပြင်ပအဆိုရှင် |
| ၈။ | လကဆုန် | ပြင်ပအဆိုရှင် |
| ၉။ | ညောင်ရေသွန်းတဲ့ပွဲ | ပြင်ပအဆိုရှင် |
| ၁၀။ | မေတ္တာလွှမ်းခြုံ | ပြင်ပအဆိုရှင် |

ပဲခူး  မေ  ၁၄

# ပဲခူးမြို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲနှင့် စံပြဆုများချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

ပဲခူးမြို့ သီရိဟံသာခန်းမ၌ ယမန်နေ့မွန်းလွဲပိုင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၊ ကျေးလက်စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထူထောင်ရေးစီမံကိန်း၊ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးလုပ်ငန်းစီမံကိန်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲနှင့် စံပြဆုများချီးမြှင့်ခြင်းအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်ခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၊ ကျေးလက်စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထူထောင်ရေးစီမံကိန်း၊ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးလုပ်ငန်းစီမံကိန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းတို့အတွက် စုစုပေါင်းငွေကျပ် ၃၈၂၅ သန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသည့် ကျေးရွာများအားလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ခရိုင်အဆင့်မြစိမ်းရောင်ကျေးရွာစီမံကိန်း စံပြဆုများအားလည်းကောင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့် ဆုများအားလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စံပြဆုရရှိခဲ့သည့် ကျေးရွာတာဝန်ခံများ၊ ခရိုင်/မြို့နယ်ဦးစီးမှူးများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။ ၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှု မှတ်တမ်းများနှင့် သက်ဆိုင်ရာစီမံကိန်းကျေးရွာများမှ ထွက်ရှိသည့် ဒေသထွက်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ယခုအခမ်းအနား၌ စီမံကိန်းအမျိုးအစားအလိုက်လွှဲပြောင်းပေးအပ်သည့် ငွေကျပ် ၃၈၂၅ သန်းဖြင့် ကျေးရွာပေါင်း ၂၁၈ ရွာ၊ အိမ်ခြေ ၃၂၆၅၆ အိမ်နှင့်လူဦးရေ ၁၁၇၅၄၃ ဦးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖန်တီးပေးနိုင်မည်ဖြစ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၉၀၀ ဖြင့် ကျေးရွာတွင်းလမ်း/တံတားများ၊ ကျေးရွာတွင်းလျှပ်စစ်မီးရရှိရေးနှင့်ကျေးရွာသောက်သုံးရေ ရရှိရေးတို့အား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

နေပြည်တော် မေ ၁၄

## ကာတာသံရုံး သံရုံးယာယီတာဝန်ခံ/သံအမတ် Dr. Rashid Adbulla Al-Kuwari အား ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် လက်ခံတွေ့ဆုံ



စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရန်ကုန်မြို့ရှိ ကာတာသံရုံး သံရုံးယာယီတာဝန်ခံ/သံအမတ် Dr. Rashid Adbulla Al-Kuwari ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကာတာနိုင်ငံတို့အကြား နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံရှိ ယူရီးယားဓာတ်မြေဩဇာစက်ရုံများ အဆင့်မြှင့်တင်နိုင်ရေး၊ ကုန်းတွင်း၊ ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော် ထုတ်လုပ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များတွင် နည်းပညာပိုင်းဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ သဘာဝဓာတ်ငွေ့ရည်(LNG)နှင့် စပ်လျဉ်း၍ ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများကို လျင်မြန်စွာစတင်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်၊ အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၁၄

## ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့်ဓာတ်ပုံ)ပြိုင်ပွဲ ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်




၂၀၂၃ ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့်ဓာတ်ပုံ)ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)၌ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဇင်မင်းထက်နှင့်ဦးထိန်လင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဆုရစာပေပညာရှင်များနှင့်အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ အရာထမ်းများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူလူထုအတွင်း အားကစားလှုပ်ရှားဆောင်ရွက်မှုများ နေ့စဉ်ဆောင်ရွက်ရန် လိုအပ်ပုံကို ပြည်သူတစ်ရပ်လုံးသိရှိလာစေပြီး အားကစားကို စိတ်ပါဝင်စားလာအောင် အသိပညာဗဟုသုတများ ဖြန့်ဝေပေးခြင်း၊ ဆွဲဆောင်စည်းရုံးခြင်း၊ အကြံပြုတင်ပြပေးခြင်း၊ စိတ်ဓာတ်မြှင့်တင်ပေးခြင်းများကို ကလောင်စွမ်းများဖြင့်စွမ်းဆောင်ရေးသားပေးခဲ့သည့် ဆုရစာပေပညာရှင်များကို ကျေးဇူးတင်ရှိပါကြောင်းနှင့်လာမည့်နှစ်များတွင်လည်း ယခုထက်ပိုမိုအကြံပြုစွမ်းဆောင်ရေးသားပေးသွားရန် တိုက်တွန်းပြောကြားပြီး မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝဏ္ဏက (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့်ဓာတ်ပုံ) ပြိုင်ပွဲတွင်ဆုများရွေးချယ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံ) ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့်မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုကြေးငွေများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဝတ္ထုတိုပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ဒေါ်ခင်မာသန်း(ထွေးမ-ဟသ်ာတ)က ဆုရရှိသူများကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်ပထွက်ခွာလိုသူပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း (၁၀) လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာ လဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီး ပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှု အချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာကြူကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

မန္တလေး မေ ၁၄

## M21 U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များဆက်လက်ယှဉ်ပြိုင်ကစား

မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် M21 U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှ စတင်ပြီး မန္တလေးမြို့ Min Khant Myanmar Sports Complex တွင်စတင်ကျင်းပခဲ့ကြောင်း သိရသည်။

M21 U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲကို မန္တလေးမြို့ Min Khant Myanmar Sports Complex တွင် ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ယနေ့မှစ၍ မေလ ၂၀ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

M21 U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီတွင် MB United အသင်းနှင့် Scary Owls တို့ကစားခဲ့ရာ Scary Owls အသင်းက ၇ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် Royal Brother FC အသင်းနှင့် Shwe Hlan Bo FC အသင်းတို့ကစားခဲ့ရာ Royal Brother FC အသင်းက ၅ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

အလားတူ မွန်းလွဲ ၁၂ နာရီခွဲတွင် Shwe Hlaing Bo FC အသင်းနှင့် Linn Latt FC အသင်းတို့ကစားခဲ့ရာ Linn Latt FC အသင်းက ၉ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေ ၂ နာရီ ၁၅ မိနစ်တွင် Top United အသင်းနှင့်Sun Shine FC အသင်းတို့ကစားခဲ့ရာ Sun Shine FC အသင်းက ၈ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

M21 U-23 Futsal Cup Mandalay 2024 ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို မေလ ၁၆ ရက်တွင်လည်းကောင်း၊ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို မေလ ၁၈ ရက်တွင်လည်းကောင်း၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်ကို မေလ ၂၀ ရက်တွင်လည်းကောင်း အသီးသီးဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**





အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)မှ သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**● ရှေ့ဖုံးမှအဆက်**

အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီးနောက် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းများအသီးသီးတွင် သင်တန်းဖွင့်ပွဲများပြုလုပ်ကြသည်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးတင့်က သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်က သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းတို့က သင်တန်းသားများအတွက် နေရာထိုင်ခင်းပြင်ဆင်ထားရှိမှုအား ကြည့်ရှုစစ်ဆေးစဉ်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက သင်တန်းသားများအတွက် စီမံထားသည့် စားရိပ်သာအား ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါ သင်တန်းဖွင့်ပွဲများကို





သက်ဆိုင်ရာ သင်တန်းကျောင်းအလိုက်ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများပြောကြားခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့်တာဝန်ရှိသူများက ဖွင့်ပွဲများသို့တက်ရောက်အားပေးချီးမြှင့်ကြကာ သင်တန်းသားများအားရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

သင်တန်းဖွင့်ပွဲများအပြီးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)မှ သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး သင်တန်းအမှတ်စဉ်(၂)တွင် တက်ရောက်ကြမည့် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)မှ သင်တန်းသားများအနေဖြင့် နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံ့တာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ကြတော့မည်ဖြစ်ပြီး ထိုသို့တာဝန်ထမ်းဆောင်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်-

"နိုင်ငံသားတစ်ယောက်အနေနဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေက မဖြစ်မနေတာဝန်ထမ်းဆောင်ရမယ်လို့တော့ယုံကြည်ပါတယ်။ ဒီလိုမျိုးဥပဒေချမှတ်တယ်ဆိုတာကလည်း နိုင်ငံတော်အကျိုးပြုရေးအတွက်၊ ပြည်သူပြည်သားများအားလုံးကောင်းစားရေးအတွက် လုပ်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဥပဒေဟာဆိုရင်လည်း အရင်ကတည်းက ရေးဆွဲထားခြင်းဖြစ်ပြီး ဒီဥပဒေကို အခုမှ အသက်သွင်းတာဖြစ်ပါတယ်။ သင်တန်းဆင်းသွားရင်လည်း ပေးအပ်တဲ့တာဝန်ကို အပြည့်အဝထမ်းဆောင်ပြီး ပြည်သူပြည်သားအားလုံးကိုလည်း လုံခြုံမှုရှိစေရန် ကျွန်တော်တို့တာဝန်ယူပါမယ်လို့ သစ္စာဆိုထားပါတယ်"ဟု သင်တန်းသားတစ်ဦးကပြောသည်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက သင်တန်းသားများ နံနက်စာသုံးဆောင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

"ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၂)ကို တက်ရောက်ဖြစ်တာကတော့ ကျွန်တော့်စိတ်သဘောဆန္ဒအရ တက်ရောက်ဖြစ်တာပါ။ စစ်ပညာတွေကိုလည်း သင်ယူချင်လို့ပါ။ အမှတ်စဉ်(၁)က သူငယ်ချင်းတွေကိုလည်း အားကျလို့လာတက်တာပါ။ နိုင်ငံတော်ကာကွယ်ရေးအတွက် ကျရာအခန်းကဏ္ဍကနေ အကောင်းဆုံးကြိုးစားသွားမှာပါ"ဟု သင်တန်းသားတစ်ဦးကပြောသည်။

(၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

BUSINESS

# Myanmar registers over 440,000 legal businesses by March 2024, across various ministries

There are more than 440,000 businesses that are legally registered and operating in various ministries by the end of March 2024, according to information from the Ministry of Industry.

The businesses which are legally approved are 47,609 businesses in Directorate of Industrial Supervision and Inspection under the Ministry of Industry, 29,502 businesses in General Administration Department under the Ministry of Home Affairs, and 200,933 businesses under the Municipal Development Committee, 43,354 businesses in Directorate of Investment and Companies Administration under the Ministry of Foreign Investment and Foreign Economic Relations, 73,432 businesses in Internal Revenue Department under the Ministry of Planning and Finance, 7,710 businesses in Directorate of Hotels and Tourism under the Ministry of Hotels and Tourism, 1,960 businesses in Directorate of Small-scale Industries under the Ministry of Industry, 588 businesses in Department of Basic Education under the Ministry of Education, 5,578 businesses in Department of Agriculture under the Ministry of Agriculture, Livestock and Irrigation, 5,784 businesses in Department of Health under the Ministry of Health, 3,608 businesses in Department of Fisheries under the Ministry of Agriculture, Livestock and Irrigation, and 4,174 businesses in Department of Forestry under the Ministry of Natural Resources and Environmental Conservation. **SMK**

AGRICULTURE

## Kalewa Township farmers reap 17,027 acres of winter oil crops

A total of 17,027 acres of oil crops planted in the winter crop season in Kalewa Township, Sagaing Region have been harvested, according to statistics from the Department of Agriculture for Kalewa Township.

The oilseed plantations planted during the 2023-2024 winter crop season have been harvested since February this year. Till now, 17,027 acres of oilseed crops have been harvested in Kalewa Township.

"We were able to plant more than the target area for oil crops. We worked to ensure self-sufficiency in edible oil and the improvement of oil crops," said U Myo Naing, head of the Department of Agriculture for Kalewa Township.

During the 2023-2024 winter crop planting season, 14,601 acres of oilseed crops were earmarked for planting in Kalewa Township. From October to December, 2023, 17,027 acres were planted.

During the 2022-2023 winter crop planting season, 14,601 acres of oilseeds were planted in Kalewa Township from October to December, 2022. **SK**

RICE INDUSTRY

## Myanmar targets US$-1.1 billion revenue from 2 million tons of rice exports

Myanmar is aiming to export more than 2 million tons of rice and earning foreign income of up to US$-1,100 million in 2024-2025 FY, according to reports from the Myanmar Rice Federation (MRF).

Myanmar is earning more than US$-800 million from rice exports every year.

The rice that is being exported is only the rice that is not being consumed domestically, and the rice that is being consumed in the country is very little being exported.

It is said that only Kayin Ma, Tun Pu and Ngsein types of rice are being exported and sold, and it is said that there is almost no export of rice from the Paw San types of rice, while consumption is high locally.

The MRF is carrying out control and calculation of exports to foreign countries, so there is no need to worry about a shortage of domestic rice.

Myanmar has an annual rice production of about 14 million and 15 million tons. **SMK**



FISHERY

## Tanintharyi Region exports 30,000 tons of aquatic products in 2023-2024 fiscal year



The Fisheries Department of Myeik District in Tanintharyi Region reported that a total of 30,000 tons of aquatic products from Myeik District was exported during the 2023-2024 Financial Year, generating US$-19.41 million.

These marine products were exported from Myeik District through the Mawtaung and Kawthoung-Ranoung border trade routes, as stated by U Zaw Min Oo, Deputy Director of the Fisheries Department in Myeik District, Tanintharyi Region.

U Zaw Min Oo explained, "Aquatic products from Tanintharyi Region, primarily from Myeik District, are exported via the Mawtaung trade post through the border route, while some are directly transported from Kawthoung to Ranong. In the previous 2023-2024 Financial Year, a total of 32,567.61 tons of aquatic products were exported, generating US$-19.41 million. Additionally, 3,854 tons of aquatic products were exported in April, the first month of the 2024-2025 Financial Year, earning US$-3.47 million. Myeik District is known for its production of saltwater fish and prawns".

Aquatic products from Tanintharyi Region, including fish, prawns, farmed fish, and other marine produce from Kawthoung, Dawei, and Myeik districts, are transported via five routes for export. Some goods are also transported to Yangon before being exported abroad. **SK**

ARCHEOLOGY

# Pilgrims explore murals at Bagan's No 1831 Cave Pagoda

People can study the structure of the No 1831 Cave Pagoda in the Bagan Ancient Cultural Heritage Zone of Mandalay Region including its architecture, stupas inside the temple and mural paintings, according to the Department of Archaeology and National Museum (Bagan Branch).

The Cave Pagoda, No 1831 edifice in the Bagan region, is located in the Khayminga Pagoda compound beside NyaungU-Bagan old road. There are five archways at the Cave Pagoda, there is a sitting Buddha Image in the east archway while four standing Buddha images at the remaining four sides respectively.

The No 1831 Cave Pagoda with five archways was Ainyarkyaung constructed in the housing compound of King Narapati Sithu's son Prince Kinkathu and his wife Nyaungyankyi Thamee (daughter of Nyaungyan Kyi).

It is also called Ainyar-kyaung Ngamyathna Cave Pagoda. It has distinctive features of the Sinhalese-type structure.

Visitors can read the stone inscriptions of Nyaungyan Kyi Thamee at the Archeological Museum (Bagan). These are also depicted on the wall of the Ainyakyaung Ngamyathna Cave Pagoda.

The Khayminga Pagoda is located in the south of No 1831 Cave Pagoda while Htilominlo Pagoda, Shwelatetuu Pagoda, Shweleikpauk Pagoda, Thikya Pagoda, Thikyahit Pagoda, Upalithein in the east, Satumukha Pagoda and Yinmana Pagoda in the north, Min-Oh-Chantha Pagoda, Minmhaw Yaza Pagoda and Ananda Temple in the west.

**SK**



BUSINESS

# Potato demand surges in the local market



"At present, the potato market has rebounded and daily average sales amount to about 300-400 tons in southern Shan State, Aungban. However, the total volume will be about 400-500 tons if other exports are added," said an official from the Naungtaya Potato Association.

The temperature began rising in April this year, resulting in a decline in potato prices; however, the crop has now regained its regular price as a result of some activities to handle the market.

"Quality decline caused the price to drop, and farmers dug potatoes in daylight and let them dry without picking at once, so potatoes got damaged. Now it's over, and the market has returned to normal. In fact, the potato price didn't fall, but its quality so the market collapsed. At that time, the price was just several hundred kyats, but there was no buyer because everyone who bought encountered losses. Potatoes went rotten and were thrown away shortly after they were bought. It is not because there were no consumers, but potatoes went rotten," he said.

Based on last year's market situation, potato prices are likely to get high as their yield is low in June, July and August.

"Apparently, the demand has been good. The regular sale is about 300-400 tons a day at the Aungban market, and roughly, the daily sale is about 400 - 500 tons if we add other exports. However, the price will decrease if farmers attempt to sell their crops rampantly in the market. The price has stayed at the regular price this May. And the price will get higher in June and July and reach highest in August because the yield will be low at the time," he said.

"According to the current market price, the market has been now promising for farmers," he added.

**SK**

COMMERCE

# Fishery products export pockets more than US$-700 million in 2023-2024 fiscal year

According to the statistics of the Ministry of Commerce, export of fishery products bagged more than US$-700 million in 2023-2024 financial year.

Myanmar was engaged in export of seven major products such as agricultural produce, animal products, marine products, minerals, forest products, finished industrial produce and others from April 2023 to March 2024.

In this regard, fishery products generated US$-765.94 million from export, standing third in the export groups in 2022-2023 financial year, compared with US$-714.89 million in 2023-2024 financial year, standing fourth position.

In 2023-2024 financial year, Myanmar earned US$-8.84 billion in export of finished industrial goods as the largest of income amount.

Likewise, agricultural produce pocketed US$-3.38 billion in export, followed by other export products worth US$-634 million and fishery products US$-244.48 million.

Among them, shrimp export in the fishery sector secured US$-38.18 million in 2023-2024 financial year.

Shrimp was exported to earn US$-33.74 million in maritime trade channel and US$-4.44 million in land borders, totalling US$-38.18 million.

**SMK**

BUSINESS

# Yangon Port to extend hours for container inspections

The Customs Department has announced that due to a large influx of containers at the ports in Yangon Region, they will be working overtime to ensure timely inspections.

In April, the relevant port authorities sent letters to the Customs Department highlighting the abundance of import containers from international vessels during the long Thingyan Festival holiday.

Consequently, the department proposed assigning duties to its staff from 10 am to 2 pm on Saturdays to expedite the inspection of import containers.

According to the report, a total of 50 container vessels from 15 shipping lines arrived in April at the ports in Yangon Region.

**SMK**


RUSSIA

# Putin to visit china at invitation of Xi Jinping on May 16-17 - Kremlin

Russian President Vladimir Putin will visit China at the invitation of his Chinese counterpart Xi Jinping, the Kremlin press service said.

"At the invitation of Chinese President Xi Jinping, President of the Russian Federation Vladimir Putin will pay a state visit to the People's Republic of China on May 16-17 as his first foreign trip after taking office," the statement said.

Following the talks, it is planned to sign a joint statement by the heads of state and a number of bilateral documents, the statement read, adding that the leaders will determine the directions for further development of cooperation and discuss most pressing issues.



Putin to visit China at invitation of Xi Jinping on May 16-17.

"The program of the visit of the Russian President provides for his meeting with Chinese Premier Li Qiang, during which it is expected to discuss issues of bilateral cooperation in the trade, economic and humanitarian spheres," the Kremlin said.

Additionally, Putin will visit Harbin, where he will take part in the opening ceremony of the eighth Russian-Chinese EXPO, meet with students and teachers of Harbin Institute of Technology.

Vladimir Putin and Xi Jinping will attend a gala evening to mark the 75th Anniversary of the establishment of diplomatic relations and the opening of the Russian-Chinese Years of Culture.

"During the visit, Chinese President Xi Jinping and Russian President Vladimir Putin will exchange views on bilateral relations and cooperation in various fields, as well as on international and regional issues of common interest, in the context of the 75th Anniversary of the establishment of diplomatic relations between China and Russia," Chinese Foreign Ministry spokesman Wang Wenbin said.

**Sputnik**

RUSSIA

## Russian UN envoy says Israeli operation in Rafah will have negative impact on Red Sea

Israel's planned operations in Rafah could harm the situation in the Red Sea, Russian Ambassador Vassily Nebenzia said on Monday.

"Knowing the fundamental position of the Houthis condemning Israeli actions against Palestinian civilians, there is no doubt that this will have an impact on the situation in Yemen's surrounding waters," Nebenzia said in the UN Security Council chamber during a meeting on Yemen.

In addition, Nebenzia said that Russia is in favor of "free and safe" navigation.

Nebenzia also said that Western states disregard international law by advancing their agendas purely based on profit.

"Through their actions, they are just bolstering their reputation as total wheeler-dealers, who have no compunction about trampling on international law if it prevents them from making a profit or implementing their mercenary, geopolitical agenda," Nebenzia said in the UN Security Council chamber during a meeting on Yemen.

Last week, Houthi military spokesman Yahya Saree said the movement was ready to attack any ships heading to Israel from the Mediterranean Sea, as well as expand operations in the Red and Arabian Seas and the Indian Ocean against ships linked to Israel or bound for its ports if the Jewish state launches an offensive in the city of Rafah.

Yemen's Houthi rebels vowed in November 2023 to attack any ships associated with Israel until it halts military actions in the Gaza Strip. The attacks prompted the US to form a multinational coalition to protect shipping in the area, as well as to strike Houthi targets on the ground.

**Sputnik**

RUSSIA

## Russia makes all necessary efforts to maintain predictability in nuclear realm - Diplomat

Russia does its best to preserve the necessary level of predictability and security in the nuclear sphere despite geopolitical tensions, Gennady Gatilov, Russia's permanent representative to the UN Office in Geneva, said on Tuesday.

"Russia, being a permanent member of the UN Security Council and a nuclear power, is fully aware of the responsibility to maintain international peace and security. Our state has always taken a constructive position and initiated work on new agreements. Even in the current uneasy conditions, we are putting our best efforts to remain within the legal framework and keep the necessary level of predictability and security," Gatilov told the UN Disarmament Conference.

Russia "does not exist in vacuum," therefore it must defend its national interests and respond to provocative actions by other states, which take openly hostile and aggressive stances toward Moscow, the diplomat added.

"By conducting a blatantly anti-Russian course, ill-wishers are attempting to rebuild the architecture of international security based on their rules, and make it serve their narrowly-grouped or individual interests, despite the hopes of the majority of the world community," Gatilov said.

Last week, the Russian Defence Ministry said that the General Staff of the Russian armed forces had started preparations for exercises involving missile units of the Southern Military District, aviation, as well as naval forces. During the exercises, the Russian armed forces will practice a set of activities for the preparation and use of non-strategic nuclear weapons, the ministry said.

**Sputnik**

POLAND

## Poland will not accept migrants within EU framework - Prime Minister

Poland will not accept illegal migrants within the framework of the "Pact on Migration and Asylum" adopted by the EU Council, Polish Prime Minister Donald Tusk said on Tuesday.

"Poland will not accept any migrants within the framework of the Migration Pact. Poland has received hundreds of thousands of migrants in connection with the Russian-Ukrainian war. We also have tens of thousands of migrants from Belarus," Tusk said.

Earlier, majority of European Parliament members have approved a controversial law called the "Pact on Migration and Asylum" aimed to help combat illegal migration, human trafficking, as well as to increase the penalties for such crimes within the European Union (EU).

The pact, which was drafted and rewritten for nearly a decade, provides for a series of new regulations for tighter control over the bloc's external borders, a faster procedure for considering asylum requests and a more effective expulsion of those who have no right to stay in the EU.

**Sputnik**

RUSSIA

## Russian armed forces take full control of settlement of Bugrovatka in Kharkov region - MoD

The Russian armed forces have taken full control of settlement of Bugrovatka in the Kharkov region and advanced into the territory of Ukraine's defense, the Russian Defence Ministry said on Tuesday.

Ukraine's military casualties reached 1,080 servicepeople in the Donetsk People's Republic (DPR) in the past 24 hours in battles with the southern, central and eastern groupings of the Russian armed forces, the ministry added.

"Over the past day, the enemy lost more than 520 military personnel, four vehicles, a D-20 howitzer, two D-30 howitzers [among other military losses in battles with the southern grouping," the ministry said in a statement, adding that the southern grouping improved its tactical position.

Russia's central grouping of forces has repelled eight counterattacks in the DPR, while Ukrainian forces have lost up to 405 soldiers in battles with it, the ministry said.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Finding Balance in the Age of Social Media




In an era where social media showcases only the highlights of life, FOMO (Fear of Missing Out) has become a ubiquitous concern for young American students, especially those navigating college and university life. The constant stream of posts depicting exciting events, luxurious vacations, and seemingly perfect lives can take a toll on our mental well-being. But don't fret, there are actionable steps to master this digital domain and regain equilibrium in the age of social media.

## The Sway of Social Media: The Figures and Hard Truths

The power of social media over young minds is undeniable. Research underscores that an astonishing 99 percent of individuals aged 18-29 in the U.S. engage with some form of social media, with platforms such as Instagram, Snapchat, and Twitter taking center stage. Nevertheless, this unprecedented connectivity comes at a price. Studies conducted by the American Psychological Association reveal a significant connection between excessive social media use and feelings of isolation, anxiety, and depression.

## Personal Struggles: Confronting the FOMO Conundrum

Consider the case of Sarah, a college sophomore. She frequently finds herself engrossed in scrolling through her social feeds, her heart sinking as she compares her own life to the seemingly fabulous adventures of her friends. "I felt like I was missing out on everything," Sarah candidly admits. But then, she made a conscious decision to reshape her perspective.

## Implementing Practical Strategies for a Harmonious Digital Life

1. Set Clear and Realistic Boundaries: Commence your journey by delineating explicit limits for your social media usage. Designate specific times of the day when you engage with these platforms, and establish a strict cut-off point. This deliberate division between your online and offline existence cultivates a healthier balance.
2. Curate Your Online Space: Exercise discernment when choosing who to follow. Unfollow accounts that provoke negative emotions or unrealistic comparisons. Instead, opt for accounts that resonate with your passions, hobbies, and aspirations. This shift will ensure that your feed aligns with your values and aspirations.
3. Embrace the Digital Detox: Allocate intervals of time, be it a few hours each day or an entire weekend, where you disconnect entirely from social media. During these periods, immerse yourself in activities that spark joy or personal development, contributing to a sense of fulfillment.
4. Prioritize Authentic Face-to-Face Connections: Dedicate time to fostering in-person interactions with friends and family. Organize outings, social events, or simple catch-up sessions over a meal. Nurturing genuine offline relationships counters the feelings of isolation that can stem from excessive social media use.
5. Intentional Social Media Usage: Every time you log in, establish a purpose. Are you seeking to catch up with friends, share updates, or gain knowledge? By adhering to this intent, you're less likely to drift into aimless scrolling, and once your objective is met, sign off.
6. Practice Mindfulness in the Digital Age: Strive to remain present in each moment. Whether you're studying, spending quality time with loved ones, or pursuing a passion, immerse yourself wholeheartedly. This approach not only reduces the compulsion to check social media constantly but also enhances the richness of your experiences.
7. Celebrate Every Milestone: Document your achievements, regardless of their size, in a journal or digital notebook. This tangible archive serves as a reminder of your progress and the meaningful moments that shape your life.

## Crafting Your Digital Legacy

The path toward equilibrium in the realm of social media is all about reclaiming your narrative. Keep in mind, that social media is a tool – not a yardstick for your self-worth. By putting these practical steps into action, you can redefine your relationship with digital platforms and mitigate the detrimental impact of FOMO.

Remember, everyone grapples with FOMO at some point. However, it's crucial to acknowledge that social media offers only a sliver of life's mosaic. Embrace the joy that comes from avoiding the comparisons that lead to unrealistic expectations, and focus on your own exceptional journey.

## Harnessing the Digital Landscape for Growth

While it's easy to focus on the pitfalls of social media, it's also a space ripe for growth. Platforms like LinkedIn provide opportunities to connect with professionals in your field, exchange ideas, and gain insights into potential careers. Engaging in online forums and webinars tailored to your interests can foster learning, opening doors to new knowledge and perspectives. Embracing social media as a source of enrichment transforms it into a valuable resource on your journey to personal and professional development.

**Source; Youth Time Magazine**



ရေကြောင်းလူငယ် သင်တန်းသား၊ သင်တန်းသူများ ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လေ့လာရေးသွားရောက်ရန် တပ်မတော်(ရေ)မှ စစ်ရေယာဉ်(မုတ္တမ)ပေါ်တက်ရောက်စဉ်။



လေ့လာရေးခရီးစဉ်အဖြစ်လာရောက်သည့် ရေကြောင်းလူငယ် သင်တန်းသား၊ သင်တန်းသူများရေယာဉ်ဆိုင်ရာအချက်အလက်များအား လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသစဉ်။

❑ ကျောဖုံးမှအဆက်

Cutaway Model များအား လေ့လာခြင်း၊ Damage Control Simulator-Zarmani အားလေ့လာခြင်း၊ Ship Handling Simulator နှင့် Engine Room Simulator များအား လေ့လာခြင်းနှင့်သမိုင်းဝင်စစ်ရေယာဉ်(မေယု)တို့အား လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများသည် ရေတပ်သင်္ဘောကျင်း၌ာနချုပ်သို့ ရောက်ရှိကြပြီး စိတ်ခာတ်မြှင့်တင်ရေးခန်းမ၊ ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများ၊ လွှန်းတင်ပြင်ဆင်လျက်ရှိသော ရေယာဉ်များ၏ ပြုပြင်ရေးဆောင်ရွက်နေမှုများ၊ Ship Lift System ဖြင့်ရေယာဉ်များ လွှန်းတင် လွှန်းချသည့်စနစ်များနှင့် စက်ရုံအလုပ်ရုံများရှိ တွင်ခုံ၊ ဖောက်ခုံ၊ ရွှေပေါ်ခုံများသို့ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် နေ့လယ်ပိုင်းတွင် သင်တန်းသား၊ သင်တန်းသူများသည် တပ်မတော်(ရေ)မှ စစ်ရေယာဉ်(မုတ္တမ) ဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လေ့လာရေးသွားရောက်ကြသည်။ လေ့လာရေးခရီးစဉ်တွင် သင်တန်းသား၊ သင်တန်းသူများသည် စစ်ရေယာဉ်၏ ရေယာဉ်ဆိုင်ရာ အချက်အလက်များ၊ လက်နက်နှင့်လက်နက်စနစ်များ၊ စက်ပိုင်းဆိုင်ရာစနစ်များ၊ ရေကြောင်းသွားလာရေးဆိုင်ရာ အထွေထွေ ဗဟုသုတများ၊ ဆက်သွယ်ရေးနှင့် အီလက်ထရောနစ်ဆိုင်ရာစနစ်များ၊ ရေယာဉ်ခုတ်မောင်းနေစဉ် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် အခြားသိသင့်သိထိုက်သည်များအား စိတ်ပါဝင်စားစွာ လေ့လာခဲ့ကြပြီး တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

အလားတူ တပ်မတော်(လေ)က ၂၀၂၄ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့် လေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် သင်တန်းစခန်း ၈ ခုမှ ထူးချွန်ဆုရသင်တန်းသား၊ သင်တန်းသူများသည် Grob-120 TP လေယာဉ်နှင့် H-120 ရဟတ်ယာဉ်များအား လေယာဉ်မောင်းသင်ကျောင်းမှ နည်းပြလေသူရဲများနှင့်အတူ လက်တွေ့လိုက်ပါပျံသန်းခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် နေ့လယ်ပိုင်းတွင် အဆိုပါ သင်တန်းစခန်း ၈ ခုမှ သင်တန်းသား၊ သင်တန်းသူများသည် RC လေယာဉ်/ရဟတ်ယာဉ်မောင်းပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး သင်တန်းသားများ၊ အုပ်ချုပ်သူနည်းပြများ၊ ဆရာ/ဆရာမများနှင့် တာဝန်ရှိသူများက ယှဉ်ပြိုင်နေမှုများကို အားပေးကြည့်ရှုခဲ့ကြသည်။

အလားတူ ကျန်သင်တန်းစခန်း ၉ ခုမှ သင်တန်းသား၊ သင်တန်းသူ၊ နည်းပြ/အုပ်ချုပ်သူများသည် လေ့လာရေးခရီးစဉ်အဖြစ် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၊ မြေပြင်အတတ်သင် လေတပ်စခန်း၌ာနချုပ်ရှိ စက်မှုလက်မှုအတတ်သင်ကျောင်းတို့အားလည်းကောင်း၊ နေ့လယ်ပိုင်းတွင် လေကြောင်းအတတ်သင်လေတပ်စခန်း၌ာနချုပ်ရှိ လေယာဉ်မောင်းသင်ကျောင်းနှင့် Aeromedical Centre တို့အားလည်းကောင်း အသီးသီးလေ့လာခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**



လေ့လာရေးခရီးစဉ်အဖြစ်လာရောက်သည့် လေကြောင်းလူငယ်သင်တန်းသား၊ သင်တန်းသူများအား တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသစဉ်။

ရန်ကုန် မေ ၁၄

## MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(B)တွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(B)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားခဲ့ရာ ရခိုင်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။



MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(B)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ ညနေ ၄ နာရီတွင် YUSC အားကစားကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရိန်းဘိုးအသင်းတို့ကစားခဲ့ရာ ရခိုင်ယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ကစားနိုင်ခဲ့ကာ ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(C)ပွဲစဉ်များအဖြစ် မေလ ၁၅ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် YUSC အားကစားကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့်ဟံသာဝတီယူနိုက်တက်အသင်း၊ ညနေ ၄ နာရီတွင် တက္ကသိုလ်အားကစားကွင်း၌ ဒဂုံစတားအသင်းနှင့် ဆေးဗားစတားအသင်း၊ အုပ်စု(D)ပွဲစဉ်များအဖြစ် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ပဒုမ္မာအားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် ISPE အသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ မြဝတီအက်ဖ်စီအသင်းနှင့်ရက္ခပူရယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

နေပြည်တော် မေ ၁၄

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘော (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များကျင်းပ

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘော(အမျိုးသား/အမျိုးသမီး) ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပခဲ့သည်။

ယနေ့ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘော(အမျိုးသား) ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသမီး)ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲတစ်ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၄ ခုနှစ် မေလ ၁၅ ရက် **(ယနေ့)** နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘော(အမျိုးသား)ဆီမီးဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ (အမျိုးသမီး)ဆီမီးဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**ကျော်လွင်(မြဝတီ)**

မော်စကို၊ နိုင်ငံရေး

# တရုတ်သမ္မတ၏ဖိတ်ကြားချက်အရ ရုရှားသမ္မတ တရုတ်နိုင်ငံသို့အလည်အပတ်သွားမည်



ရုရှားသမ္မတ ဗလာဒီမာပူတင်သည် တရုတ်သမ္မတရှီကျင့်ဖျင်၏ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ အလည်အပတ်ခရီး သွားမည်ဖြစ်ကြောင်း ကရင်မလင်နန်းတော်က မေလ ၁၄ ရက်တွင် ထုတ်ပြန်သည်။

"တရုတ်သမ္မတရဲ့ဖိတ်ကြားချက်အရ ရုရှားသမ္မတက မေလ ၁၆-၁၇ ရက်မှာ တရုတ်နိုင်ငံကို အလည်အပတ်သွားမှာပါ။ ဒါဟာ ရုရှားသမ္မတအနေနဲ့ ယခုတစ်ဆက် သမ္မတအဖြစ်ကျမ်းကျိန်ပြီးနောက် ပထမဆုံး ခရီးစဉ်ဖြစ်ပါတယ်"ဟု သမ္မတရုံးပြန်ကြားရေးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ရုရှားသမ္မတနှင့် တရုတ်သမ္မတတို့ကြား ဆွေးနွေးမှုများလုပ်ပြီးပါက နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် ပူးတွဲကြေညာချက်တစ်ရပ်ကို လက်မှတ်ရေးထိုးထုတ်ပြန်ရန်စီစဉ်ထားသည်။

အထူးသဖြင့် နှစ်နိုင်ငံကြားဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်စေရေးအတွက်သာမက အရေးကြီးကိစ္စရပ်များကိုပါ နှစ်နိုင်ငံခေါင်းဆောင်များက ဆွေးနွေးသွားမည်ဖြစ်သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် တရုတ်ဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ ကုန်သွယ်ရေး၊ စီးပွားရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စများကိုလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

*Ref: Sputnik*

ဝါဆော၊ လုံခြုံရေး

# ပိုလန်က ဘယ်လာရုနှင့် နယ်စပ်တွင် ခေတ်မီခြံစည်းရိုးခတ်မည်

ပိုလန်အစိုးရက ဘယ်လာရုနိုင်ငံနှင့် နယ်စပ်တွင် ခေတ်မီခြံစည်းရိုးတစ်ခုကို ခတ်သွားမည်ဖြစ်ကြောင်း အဆိုပါနယ်စပ်သို့သွားရောက်ခဲ့သည့် ပိုလန်ဝန်ကြီးချုပ် ဒေါ်နယ်တက်ကပြောသည်။

"ကျွန်တော်တို့အနေနဲ့ အဘက်ဘက်မှာ ခေတ်မီခြံစည်းရိုးများ ကာဖို့အတွက် အသည်းအသန်လုပ်ဆောင်နေပါတယ်။ ဒီခြံစည်းရိုးဟာ ပိုလန်နိုင်ငံနယ်စပ်တစ်လျှောက်မှာ ထွက်ပေါ်လာမှာပါ" ဟု ဒေါ်နယ်တက်က ပြောသည်။

ယခုကဲ့သို့ ခြံစည်းရိုးကာခြင်းသည် ဥရောပ၏အရှေ့ပိုင်းနယ်စပ်များရှိ လုံခြုံရေးအတွက်တစ်စိတ်တစ်ပိုင်းဖြစ်သောကြောင့် ဥရောပသမဂ္ဂအနေဖြင့် ခြံစည်းရိုးကာသည့်လုပ်ငန်းအတွက် ထောက်ပံ့ပေးရန် ပိုလန်ဝန်ကြီးချုပ်က တိုက်တွန်းထားသည်။

"ဒီနေရာဟာ ပိုလန်နိုင်ငံရဲ့နယ်စပ်သာမက ဥရောပသမဂ္ဂရဲ့နယ်စပ်ဆိုရင်လည်းမမှားပါဘူး။ ဒါကြောင့် ဥရောပသမဂ္ဂအနေနဲ့ သူ့ရဲ့လုံခြုံရေး၊ အရှေ့ပိုင်းနယ်စပ်လုံခြုံရေးနဲ့ မိမိတို့နယ်စပ်များရဲ့လုံခြုံရေးအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်လိမ့်မယ်လို့ယုံကြည်ပါတယ်"ဟု ဒေါ်နယ်တက်ကဆက်ပြောသည်။

၂၀၂၁ ခုနှစ်တွင် ဥရောပနိုင်ငံများသို့ သွားလိုသော ရွှေ့ပြောင်းနေထိုင်သူထောင်ပေါင်းများစွာသည် ပိုလန်-ဘယ်လာရုနယ်စပ်၌စုပြုံရောက်ရှိလာသည်။

ထိုသို့ ရွှေ့ပြောင်းနေထိုင်သူများစွာရောက်လာခြင်းနှင့်ပတ်သက်၍ ပိုလန်က ဘယ်လာရုကို အပြစ်တင်ထားသော်လည်း ဘယ်လာရုသမ္မတ အလက်ဇန်းဒါးလူကာရှန်ကိုက အဆိုပါစွပ်စွဲချက်များကို ငြင်းပယ်ထားသည်။

အထူးသဖြင့် ပိုလန်နိုင်ငံက အဆိုပါ ရွှေ့ပြောင်းနေထိုင်သူများကို မောင်းထုတ်ခြင်းကြောင့်သာ ရွှေ့ပြောင်းဒုက္ခသည်များ အရေးအခင်းဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု လူကာရှန်ကိုက ပြောသည်။

လက်ရှိတွင် ပိုလန်နိုင်ငံအနေဖြင့် ဒေါ်လာသန်း ၄၀၀ တန်ဖိုးရှိ အတားအဆီးနံရံတစ်ခုကို ဘယ်လာရုနယ်စပ်၌ တည်ဆောက်လျက်ရှိပြီး ထိုအတားအဆီးသည် အရှည် ၁၈၆ ကီလိုမီတာနှင့် အမြင့် ၅ မီတာရှိကြောင်း သိရသည်။

*Ref: Sputnik*



မော်စကို၊ နိုင်ငံရေး

# အနောက်အုပ်စုအနေဖြင့် ယူကရိန်းအရေးကို စစ်မြေပြင်တွင် ဖြေရှင်းလိုလျှင်လည်း ရုရှားဘက်ကအသင့်ရှိ



အနောက်အုပ်စုအနေဖြင့် ယူကရိန်းပဋိပက္ခကို စစ်မြေပြင်တွင်ဖြေရှင်းလိုပါက ရုရှားဘက်ကလည်း အသင့်ရှိကြောင်း ခေတ္တရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့က ပြောသည်။

"ဒါက သူတို့အခွင့်အရေးပဲလေ။ သူတို့က ပဋိပက္ခကို စစ်မြေပြင်မှာရှင်းချင်တယ်ဆိုလည်း စစ်မြေပြင်မှာရှင်းရမှာပေါ့" ဟု လက်ရော့က အထက်လွှတ်တော်အစည်းအဝေး၌ ပြောသည်။

ရုရှားနိုင်ငံက ယူကရိန်းအရေးကို ဖြေရှင်းနိုင်ရေးအတွက် ဆွေးနွေးမှုများလုပ်ဆောင်ရန်အသင့်ရှိနေကြောင်း၊ လက်ရှိပကတိအခြေအနေကိုလည်း ထည့်သွင်းတွက်ချက်ထားကြောင်း လက်ရော့က ဆက်ပြောသည်။

လာမည့်ဇွန်လတွင် ဆွစ်ဇာလန်နိုင်ငံက ကမကထပြုကာ ယူကရိန်းအရေးဆွေးနွေးအဖြေရှာမည့် အစည်းအဝေးတစ်ခုကို အဆင့်မြင့်အရာရှိကြီးများဖြင့်လုပ်ဆောင်သွားရန် စီစဉ်ထားသည်။

ထိုအစည်းအဝေးအတွက် ကမ္ဘာတစ်ဝန်းမှကိုယ်စားလှယ် ၁၆၀ ကိုဖိတ်ခေါ်ထားသော်လည်း ရုရှားနိုင်ငံကိုမူချန်လှပ်ထားသည်။

ထို့ကြောင့် အဆိုပါအစည်းအဝေးသည် ရုရှားနိုင်ငံအပေါ် နောက်တစ်ကြိမ်ရာဇသံပေးခြင်းဖြစ်သည်ဟု မှတ်ယူမည်ဖြစ်ကြောင်း လက်ရော့ကပြောထားသည်ဟု သိရသည်။

*Ref: Sputnik*

ဝါရှင်တန်၊ စစ်ရေး

# အစ္စရေးက ဟားမတ်တို့ထက် အရပ်သားများကိုပိုမိုသတ်ဖြတ်နေဟု အမေရိကန်ပြော

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က အစ္စရေးသည် ဟားမတ်စစ်သွေးကြွများထက် အရပ်သားများကို ပိုမိုသတ်ဖြတ်နေသည်ဟု ဝန်ခံထားကြောင်း လွှတ်တော်သို့တင်သွင်းသည့်အစီရင်ခံစာတစ်စောင်တွင်ဖော်ပြထားသည်။

အစ္စရေးဝန်ကြီးချုပ်က အစ္စရေးတပ်ဖွဲ့ကြောင့် အကြမ်းဖက်သမား ၁၄၀၀၀ ကျော်နှင့် အရပ်သား ၁၆၀၀၀ ကျော် သေဆုံးသည်ဟုပြောထားသောကြောင့် အစ္စရေး၏ထုတ်ပြန်ချက်နှင့်ပတ်သက်၍ အမေရိကန်ဘက်ကလည်း လက်ခံမှုရှိ၊ မရှိ သတင်းထောက်များကမေးမြန်းရာ အန်တိုနီဘလင်ကန်က ယခုကဲ့သို့ဝန်ခံထားခြင်းဖြစ်သည်။

အစ္စရေး၏လေ့လာတွက်ချက်မှုပမာဏသည် အကြောင်းအကျိုးသင့်ကြောင်း၊ နောက်ထပ်စုံစမ်းစစ်ဆေးမှုရာပေါင်းများစွာကိုလည်း လုပ်ဆောင်နေရဆဲဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

ထိုသို့သောအခြေအနေနှင့်ပတ်သက်၍ အမေရိကန်အနေဖြင့် အစ္စရေးသို့စစ်လက်နက်ပစ္စည်းများပေးပို့မှု ရပ်တန့်ရန် ဆန္ဒရှိ၊ မရှိအပေါ် သတင်းထောက်ကမေးမြန်းရာ



အစ္စရေးသို့ စစ်လက်နက်များပေးပို့မှု ရပ်တန့်ရန်အစီအစဉ်မရှိကြောင်း အန်တိုနီဘလင်ကန်ကဆိုသည်။

သို့သော် ဗုံးသီးအလုံးရေ ၃၅၀၀ ပေးပို့ရန်စီစဉ်ထားမှုကိုမူ ဆိုင်းငံ့ထားကြောင်း၊ အဆိုပါဗုံးများကို ရာဖာကဲ့သို့သော လူထူထပ်သည့်နေရာများတွင်အသုံးပြုပါက ကြီးမားသောသက်ရောက်မှုရှိစေမည်ဖြစ်သည့်အတွက် ဆိုင်းငံ့ထားရခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

ဟားမတ်စစ်သွေးကြွများ၏ လျှပ်တစ်ပြက်တိုက်ခိုက်မှုကြောင့် အစ္စရေးပြည်သူ ၁၂၀၀ နီးပါးသေဆုံးပြီး ၂၄၀ ခန့် အဖမ်းခံရသည်။

အစ္စရေးတို့၏တန်ပြန်တိုက်ခိုက်မှုကြောင့် ဂါဇာကမ်းမြောင်ဒေသ၌ သေဆုံးသူအရေအတွက်မှာ ၃၅၀၀၀ ကျော်ရှိကြောင်း သက်ဆိုင်ရာအဖွဲ့အစည်းများက ထုတ်ပြန်ထားသည်။

*Ref: Sputnik*

မော်လမြိုင်၊ လူမှုရေး

## မွန်ဒေသလုံးဆိုင်ရာ ရာမညဓမ္မာစရိယအဖွဲ့ကြီးအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဂုဏ်ထူးဆောင်ဘွဲ့ ပူဇော်ပွဲအခမ်းအနားကျင်းပ



မွန်ဒေသလုံးဆိုင်ရာ ရာမညဓမ္မာစရိယ အဖွဲ့ကြီးအား သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာနက ဂုဏ်ထူးဆောင်ဘွဲ့ ပူဇော်ပွဲ အခမ်းအနားကို မေလ ၁၃ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ တောင်ရိုးတန်းလမ်း သာသနာ ၂၅၀၀ ကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သံဖြူဇရပ်မြို့ ကျိုက္ခမီအလယ်ကျောင်း ဆရာတော်ဘဒ္ဒန္တနန္ဒ သာရ အရှင်သူမြတ်ထံမှ ငြိမ့်ပရိသတ်အပေါင်း တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များ နာယူကြည်ညိုကြ သည်။

ထို့နောက် မွန်ဒေသလုံးဆိုင်ရာ ရာမညဓမ္မာ စရိယအဖွဲ့ကြီးအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆက်ကပ်ပူဇော်သည့် ဂုဏ်ထူးဆောင်ဘွဲ့ကို ဆရာတော်ထံ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဆက်ကပ်ပူဇော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

---

မိတ္ထီလာ၊ လူမှုရေး

## လေဘေးသင့် အိမ်ထောင်စုများအား အိမ်ဆောက်ပစ္စည်းနှင့် ပံ့ပိုးငွေများပေးအပ်

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ မေလ ၂ ရက်နှင့် ၄ ရက်တွင် လေပြင်း တိုက်ခတ်မှုကြောင့် ရပ်ကွက်နှင့်ကျေးရွာ တို့တွင် လူနေအိမ်များ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ရာ အဆိုပါလေဘေးသင့် အိမ်ထောင်စုများထံ အိမ်ဆောက်ပစ္စည်း နှင့်ပံ့ပိုးငွေများ ပေးအပ်ပွဲအခမ်းအနားကို မေလ ၁၃ ရက်တွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာ အုပ်စု ၁၉ အုပ်စု ကျေးရွာပေါင်း ၃၀ မှ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျနေအိမ် ၂ လုံး၊ အမိုးလန်နေအိမ်အလုံး ၇၀ တို့ အတွက် အိမ်ဆောက်ပစ္စည်းပံ့ပိုးငွေကျပ် ၃၅၀၉၈၀၀၀၊ လူဦးရေ ၃၈၀ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၆၄၆၈၀၀၀၊ ပြိုကျ နေအိမ် ၂ လုံးအတွက် ငွေကျပ် ၁၃၁၇၉၆ တန်ဖိုးရှိကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ နှစ်အိမ်ထောင်စုစာ၊ ကယ်ဆယ်ရေးပစ္စည်း နှင့်ပံ့ပိုးငွေကျပ် ၄၂၈၈၃၉၆ အား သက်ဆိုင် ရာအိမ်ထောင်စုများထံသို့ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင် လေးနှင့်အဖွဲ့ဝင်များ၊ ခရိုင်ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးတို့က ပံ့ပိုးပေးအပ် ကြောင်း သိရသည်။

**(၆၀၂)**

---

သထုံ၊ လူမှုရေး

## သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

မွန်ပြည်နယ် သထုံမြို့နယ်၌ သစ်တောဦးစီး ဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ နွေရာသီကျောင်းပိတ်ရက်၌ ကျောင်းသား၊ ကျောင်းသူများအား သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေး ဆိုင်ရာ အသိအမြင်များ တိုးပွားလာစေရေး သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ ခရိုင်အဆင့် အသိပညာပေးဟောပြောပွဲကို မေလ ၁၃ ရက် နံနက်ပိုင်းတွင် လိပ်အင်းရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မော်လမြိုင်- သထုံခရိုင် သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ဇော်ထူးက သစ်တော များနှင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေး၊ သထုံမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းအောင်က သစ်တောများနှင့် ရေဝေ ရေလဲဒေသများ ထိန်းသိမ်းရေးနှင့်သစ်တောများ မှပေးစွမ်းနိုင်သော အကျိုးကျေးဇူးများ၊ တောအုပ် ကြီး ဦးစောရန်နိုင်က သစ်တောနှင့် ဇီဝမျိုးစုံ မျိုးကွဲများဆိုင်ရာ အကြောင်းအရာများနှင့် သထုံ ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်မိုးနိုင်က ပလတ်စတစ် ညစ်ညမ်းမှုဆိုင်ရာ သိကောင်းစရာများတို့ကို အသိပညာပေးဟောပြောကြရာ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်တို့ကို မေးမြန်း ကြပြီး တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ဆက်လက်၍ ဟောပြောပွဲ တက်ရောက်လာ ကြသူများက သထုံမြို့နယ် မြေနီကုန်းကျေးရွာ ရှိ သစ်တောဦးစီးဌာန(အမြဲတမ်း) ပျိုးဥယျာဉ် သို့ သွားရောက်လေ့လာကြရာ ဦးစီးအရာရှိ ဦးစိုးမင်းအောင်က ၂၀၂၄ ခုနှစ် မိုးရာသီတွင် သထုံမြို့နယ်အတွင်း ဖြန့်ဝေစိုက်ပျိုးမည့် လူထုဖြန့် ပျိုးပင်များနှင့် အထူးပျိုးပင်များ ပျိုးထောင် ထားရှိမှုအခြေအနေ၊ သစ်ပင်စိုက်ပျိုးခြင်း နည်း စနစ်များ၊ သစ်ပင်စိုက်ပျိုးခြင်းကြောင့် ရရှိလာ မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြား ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

### မြဝတီရုပ်မြင်သံကြားအစီအစဉ် ၁၅-၅-၂၀၂၄(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၆း၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၆း၀၃ | တရားတော် |
| ၃။ | ၇း၁၆ | မေတ္တာပို့ |
| ၄။ | ၇း၂၁ | ဓမ္မပူဇာတေး |
| ၅။ | ၇း၄၀ | မျိုးချစ်တပ်မတော် |
| ၆။ | ၇း၄၅ | မြန်မာ့ရှုခင်း |
| ၇။ | ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈။ | ၈း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၉။ | ၉း၂၅ | ရှေးဟောင်းသုတ |
| ၁၀။ | ၁၁း၂၅ | သီချင်းလက်ဆောင် |
| ၁၁။ | ၁၂း၀၀ | ခရီးလည်းသွား စကားလည်းဆို |
| ၁၂။ | ၁၃း၁၀ | အမှတ်တရ နေ့ရက်များ |
| ၁၃။ | ၁၃း၄၀ | မေးမြန်းစူးစမ်း |
| ၁၄။ | ၁၉း၀၀ | **(၃၈)ဖြာမင်္ဂလာ - ဒါနဥ္စ ဓမ္မစရိယာ** |
| ၁၅။ | **ညစနာရီ သတင်း အပြီး** | နိုင်ငံတကာသတင်း |
| ၁၆။ | | မိုးလေဝသသတင်း |
| ၁၇။ | | ကျန်းမာသုတ |

---

## ညီညွတ်ခြင်းပြယုဂ်

* ရှေးယခင် အစဉ်အဆက်
မြင်ရက်နှင့်တမင်ခွာ။
အရှေ့ပိုင်းသား အနောက်ပိုင်းသားလို့
ခွဲခြားတဲ့ရွာ။
အရှေ့အနောက် ကြားအလယ်မှာ
ရေစီးသာငြိမ့်ငြိမ့်ညောင်း။
ရွာလယ်မှာ ချောင်းကခြားလို့
ရွာသားတွေ စိတ်ဝမ်းကွဲကာ
စွဲလာတဲ့ချောင်း။

* ချောင်းတစ်ဖက်ကိုစွထူးက
ကူးခပ်ကြလေ့သမွန်။
အဆင်ရယ်ပြေနိုင်ခဲ
လွဲချော်ကြပြန်။
ချောင်းကူးတံတား ဆောက်လုပ်ရန်
အတန်တန် ညှိနှိုင်းလည်း(လဲ)။
သူတစ်လူ ငါတစ်မင်းနှင့်
ပြင်းထန်စွာ ငြင်းဆန်ချက်ကြောင့်
ပျက်ကွက်လို့လွဲ။

* အရှေ့ပိုင်းမီးလောင်ဝိုင်းတော့
အနောက်ပိုင်းမကူသာ။
အနောက်ပိုင်းဓားပြမွှေ့တော့
အရှေ့ပိုင်းလည်းပျာ။
ရုတ်တရက် ကူးခပ်စရာ
အဘယ်မှာ ရှာမတွေ့။
ကိုယ်ရေးကြုံ သက်လုံမကောင်းလို့
ချောင်းကူးတံတား မရှိတဲ့ဒုက္ခ
စိတ်ကမချမ်းမြေ့။

* သြော်. . .
အရေးကြီးတော့ သွေးနီးရာ
လျင်မြန်စွာ ဆောက်ကြအများ။
အရေးကြုံ သွေးဆုံပါမှ
ဖူးပွင့်လာ မေတ္တာအပေါင်းနှင့်
ထူးတင့်စွာ ချစ်သဒ္ဒါလောင်းတယ်
ပေါင်းယှက်တံတား။ ။

**မင်းသစ်ဝင်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေလ ၁၄ ရက်

၁။ နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၅ ဖွဲ့ရှိပါသည်။ ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၂ ပါတီကို တည်ထောင်ခွင့်ပြုခဲ့ပြီး ၂ ပါတီကို တည်ထောင်ခွင့် ငြင်းပယ်ခဲ့ပါသည်။

၂။ တည်ထောင်ခွင့်ပြုရန် ကျန်ရှိသည့် **ချင်းပြည်သူ့ပါတီ**၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရပါသဖြင့် ယင်းပါတီ၏ ပါတီတည်ထောင်ခွင့်လျှောက်ထားချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေပါ ပုံစံ(ဂ)ဖြင့် ငြင်းပယ်လိုက်ကြောင်း ထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

**နေပြည်တော် မေ ၁၄**

## နိကာယ်စာမေးပွဲကျင်းပမည်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၂၄ ခုနှစ် အစိုးရနိကာယ်စာမေးပွဲကို ၁၃၈၆ ခုနှစ် နယုန်လဆန်း ၁ ရက်မှ ၅ ရက်အထိ (၂၀၂၄ ခုနှစ် ဇွန်လ ၇ ရက်မှ ၁၁ ရက်အထိ) ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်ရာ ဖြေဆိုရမည့် ကျမ်းစာအလိုက် သတ်မှတ်ထားသောရက်အတိုင်း နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

---

**နေပြည်တော် မေ ၁၄**

## နေပြည်တော်အလင်းစီမံချက်ဖြင့် မျက်စိဝေဒနာရှင်များ အခမဲ့မျက်စိခွဲစိတ်ကုသ ဆောင်ရွက်ပေးနေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုအားပေး



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ၏ကြီးကြပ်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၏လမ်းညွှန်မှုဖြင့် နေပြည်တော်ကုသရေးဦးစီးဌာနမှ ဦးဆောင်၍ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ မျက်စိအထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်ကြီး(ဆေးပညာ)နှင့် အထူးကုဆရာဝန်ကြီးများပါဝင်သော အဖွဲ့က ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ၌ နေပြည်တော်အလင်းစီမံချက်ဖြင့် ဒေသခံပြည်သူများကို အခမဲ့မျက်စိခွဲစိတ်ကုသပေးပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် နေပြည်တော်တိုင်းပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းနိုင်စိုး၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး မျက်စိခွဲစိတ်ကုသမှုခံယူပြီးသည့် လူနာများကို ဆေးမျက်မှန်များတပ်ဆင်ပေးသည်။

ယင်းနောက် အစည်းအဝေးခန်းမ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေးဦးစီးဌာန)နှင့် နေပြည်တော်ကုသရေးဦးစီးဌာနမှူးက နေပြည်တော်အလင်းနှင့် နေပြည်တော်အပြုံး စီမံချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက အထူးကုဆရာဝန်ကြီးများကို အမှတ်တရသစ်သီးခြင်းပေးအပ်ကာ လာရောက်ဆေးကုသမှုခံယူသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အာဟာရနှင့် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ပြီး ဆေးရုံအတွင်း မျက်စိကုသဆောင်တွင် ခွဲစိတ်ကုသမှုခံယူနေသည့် လူနာများ၊ ခွဲစိတ်ခန်းတွင် မျက်စိခွဲစိတ်ကုသ၍ ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) တွင် နေပြည်တော်အလင်းစီမံချက်ဖြင့် မြို့နယ်များမှညွှန်းပို့လာသည့် မျက်စိဝေဒနာရှင် ၄၅ ဦးကိုစမ်းသပ်စစ်ဆေးဆောင်ရွက်ပေးခဲ့ပြီး ခွဲစိတ်ကုသရန် လိုအပ်သည့် လူနာ ၂၇ ဦးကို အခမဲ့မျက်စိခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု ကွက်သစ်ရပ်ကွက်အတွင်းရှိ ပညာ့အလင်းရောင်စာကြည့်တိုက်သို့ရောက်ရှိပြီး စာကြည့်တိုက်တွင် စာအုပ်စာပေများ စုံစုံလင်လင်ထားရှိနိုင်ရေး၊ လူငယ်လူရွယ်များ စာဖတ်သည့်အခွင့်အလမ်းများရရှိရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို မှာကြားပြီး စာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် ၃၈ ဖြာမင်္ဂလာ၊ ဗုဒ္ဓဝင်၊ ဘုရားရှိခိုးနှင့် ပြည်သူ့နီတိစာအုပ်များကို ပေးအပ်လှူဒါန်းခဲ့သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပရာ နေပြည်တော် အားကစားနှင့် ကာယပညာကော်မတီ နာယက၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ နေပြည်တော်ကောင်စီဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ အားကစားဝါသနာရှင်များ၊ အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက မြန်မာ့ဘောလုံးအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် မြန်မာ့လက်ရွေးစင် လူငယ်အသင်းများကို ကျောထောက်နောက်ခံအဖြစ် အင်အားဖြည့်တင်းပေးနိုင်ရေးအတွက် နေပြည်တော်အတွင်း လူငယ်ဘောလုံးပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိကြောင်း၊ ပြိုင်ပွဲဝင် အားကစားသမားများအားလုံး မိမိတို့အသင်းအနိုင်ရရှိစေရန် အနိုင်မခံအရှုံးမပေးဘဲ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် သန့်သန့်ရှင်းရှင်း အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားကြရမည်ဖြစ်ကြောင်း၊ ဒိုင်လူကြီးများအနေဖြင့်လည်း ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘက်လိုက်မှုမရှိဘဲ တရားမျှတစွာဆုံးဖြတ်ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

ပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတော်က အားထားရမည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကောင်းများ ပေါ်ထွက်လာအောင် ယှဉ်ပြိုင်ကစားသွားကြရန်ပြောကြားပြီး ၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ဒက္ခိဏသီရိမြို့နယ်အသင်းနှင့် ဇမ္ဗူသီရိမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို မေလ ၁၄ ရက်မှ ၂၃ ရက်အထိ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး မြို့နယ်ရှစ်မြို့နယ်မှ အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးအသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

**နေပြည်တော် မေ ၁၄**

## အောင်လံမြို့တွင် ကွယ်လွန်သူအစား စစ်မှုထမ်းရန်ဆင့်ခေါ်ခြင်းနှင့် အုတ်ဖိုမြို့တွင် စစ်မှုထမ်းရန်ငြင်းဆိုသည့် လူငယ် ၇ ဦးနှင့် မိသားစုဝင် ၁၁ ဦးကို ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းအမှားများလုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ တရော်ကုန်းရပ်ကွက်မှ အူမကြီးကင်ဆာရောဂါဖြင့် ကွယ်လွန်သည်မှာ ၆ လခန့်ရှိပြီဖြစ်သည့် အသက် ၂၇ နှစ်အရွယ် ဖိုးသောကြီးမှာ စစ်မှုထမ်းဆောင်ရန် အမည်စာရင်းပါရှိသည့်အတွက် ၎င်းအစား အိမ်ရှိလူငယ်တစ်ဦးကို အစားထိုးထည့်သွင်းပေးရန် တာဝန်ရှိသူများကပြောဆိုခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများအထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရပါသည်။

အဆိုပါ တရားမဝင်ပြည်ဖျက်မီဒီယာတွင် ရေးသားဖော်ပြထားသည့် ကွယ်လွန်သူလူငယ်တစ်ဦး စစ်မှုထမ်းဆောင်ရန် အမည်စာရင်းပါရှိသည့်အတွက် ၎င်းအစား အိမ်ရှိလူငယ်တစ်ဦးကို အစားထိုးထည့်သွင်းပေးရန် တာဝန်ရှိသူများက ပြောကြားခဲ့သည်မှာ ဟုတ်မှန်မှုမရှိကြောင်း၊ တရော်ကုန်းရပ်ကွက်တွင် ၎င်းအမည်နာမည်ဖြင့်လည်း မည်သူမျှမရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရှိရပါသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့၊ ချမ်းမြသာမြေရပ်ကွက်မှ စစ်မှုထမ်းဆောင်ရန်ငြင်းဆိုသည့် လူငယ် ၇ ဦးနှင့် မိဘဆွေမျိုးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိပါသည်။




ထိုသို့ တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက မိဘပြည်သူများ၊ လူငယ်လူရွယ်များကို စိုးရိမ်ထိတ်လန့်စေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက စစ်မှုထမ်းရန် ပေါ်တာဆွဲခြင်း၊ လမ်းသွားလမ်းလာများကို ဖမ်းဆီးခြင်းစသည့် ကောလာဟလသတင်းအမှားများဖြင့် ဝါဒဖြန့်လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်းသတင်းရရှိပါသည်။

**(၁၀၀)**

ရန်ကုန်　မေ　၁၄

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ၁၄ ခရိုင် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ကျင်းပသည်။

